# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 1 December 2022 ၁၀၉၃၆


### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနား တိုက်ရိုက် (Live) ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပပုံများကို ဒီဇင်ဘာ ၂ ရက် နံနက် ၇ နာရီ ၂၅ မိနစ်မှစတင်၍ MRTV HD Channel၊ MWD HD Channel၊ MWD Variety HD Channel၊ Skynet FUTURE 5 Channel နှင့် MRTV Web & App တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၃၀

| | |
|---|---|
| ပူတာအို | ၈ ဒီဂရီစင်တီဂရိတ် |
| မချမ်းဘော | ၁၀ ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၁၀ ဒီဂရီစင်တီဂရိတ် |

### ယနေ့ ဖတ်စရာ

**ပထမအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီ အစည်းအဝေးကျင်းပ**

စာမျက်နှာ » ၄

**အေအိုင်ဒီအက်စ်ပပျောက်ဖို့ မညီမျှမှုများလျှော့ချလို့ အားလုံးပူးပေါင်းဆောင်ရွက်စို့**

ဆောင်းပါး စာမျက်နှာ » ၆

**ကိုဗစ်-၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း (၁)နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာ**

စာမျက်နှာ » ၈

**အိန္ဒိယမှ ချမှတ်လိုက်သော ဆန်မူဝါဒအသစ်ကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်း မြင့်တက်ဖွယ်ရှိ**

စာမျက်နှာ » ၁၇

ကြေးမုံ

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အရည်အသွေးမြှင့်တင်ဆောင်ရွက်

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကို သိသိသာသာ ထိန်းချုပ်လာနိုင်သောကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများကို ပြန်လည်စတင်နေပြီဖြစ်သည်။ မြန်မာနိုင်ငံသည် ရေမြေသဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များ ပေါများကြွယ်ဝလှသဖြင့် နိုင်ငံတကာခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုမြင့်မားသည့်နိုင်ငံဖြစ်သည်။ ယခုအခါ ဂျပန်ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးနေသူများအတွက် အရည်အသွေးမြှင့်တင်ရေး အသိပညာပေးဆွေးနွေးပွဲကို အာဆီယံ-ဂျပန်ဗဟိုဌာနနှင့်ပူးပေါင်း၍ ကျင်းပခဲ့သည်။

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများသည် ခရီးသွားလုပ်ငန်းများကို တွင်ကျယ်စွာဆောင်ရွက်ကြပြီး နိုင်ငံအများအပြားသို့ ဂျပန်ခရီးသွားဧည့်သည်များ နှစ်စဉ်သွားရောက်လည်ပတ်ကြသည်။ ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်က ဂျပန်ခရီးသွားဧည့်သည် သန်း ၂၀ ခန့်သည် ကမ္ဘာ့နိုင်ငံများသို့ သွားရောက်လည်ပတ်ကြပြီး ၎င်းတို့အနက် အာဆီယံဒေသသို့ ၅ ဒသမ ၆ သန်း လည်ပတ်ကာ မြန်မာနိုင်ငံသို့ ဂျပန်ခရီးသွားဧည့်သည် တစ်သိန်းကျော်ခန့် လာရောက်လည်ပတ်ခဲ့သည်။ ဂျပန်ခရီးသွားဧည့်သည်များအတွက် ကမ္ဘာ့ခရီးသွားဈေးကွက်တွင် မြန်မာနိုင်ငံသည် အဓိကဦးတည်ဈေးကွက်အဖြစ်သတ်မှတ်ထားသည်။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါအလွန်တွင် ခရီးသွားဈေးကွက်ကို စတင်ရာ၌ ဂျပန်ခရီးသွားဧည့်သည်များသည် အလားအလာအကောင်းဆုံးဖြစ်နေသည်။

ယခုခရီးသွားအရည်အသွေးမြှင့်တင်ရေး(ဒုတိယအကြိမ်)ဆွေးနွေးပွဲကို "ခရီးသွားခြင်းသည် ကမ္ဘာ့စီးပွားရေးအတွက် အဖြေတစ်ရပ်"၊ "ခရီးသွားခြင်းသည် ကမ္ဘာကြီးအတွက် အဖြေတစ်ရပ်"၊ "ခရီးသွားခြင်းသည် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်းအတွက် အဖြေတစ်ရပ်"စသည့်ခေါင်းစဉ်များဖြင့် ရှေးဟောင်းယဉ်ကျေးမှုပုဂံမြေတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီမှ တာဝန်ရှိသူများနှင့်အတူ ဂျပန်နိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ဆော်ဒီအာရေဗျနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြရာ မြန်မာခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများဟုဆိုနိုင်သည်။ ထို့ကြောင့် လာမည့်ပွင့်လင်းရာသီတွင် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် အများဆုံးထိခိုက်ခဲ့သောလုပ်ငန်းများတွင် ခရီးသွားလုပ်ငန်းများပါဝင်ခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်သည့် အနေအထားသို့ရောက်ရှိလာသဖြင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။ ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစ၍ နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီးပွားရေးကုစားမှုစီမံကိန်းအရ နိုင်ငံတော်ဘဏ္ဍာငွေ၏ သုံးရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းအထိ သုံးစွဲရန်သတ်မှတ်ခဲ့သည်။ ယနေ့အချိန်အထိ ခရီးသွားကုမ္ပဏီ ၂၄၄ ခု၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၃၃၉ ခုတို့ကို ငွေကျပ် ၂၁ ဒသမ ၄ ဘီလီယံ ထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။ နိုင်ငံပိုင်ဟိုတယ်များအတွက် ငှားရမ်းခကို ခြောက်လအထိ ရွှေ့ဆိုင်းပေးခဲ့သည့်အပြင် ၂၀၂၀ ပြည့်နှစ် ဧပြီလမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ ၂၁ လကို ငှားရမ်းခ ၅၀ ရာခိုင်နှုန်း လျှော့ချပေးခြင်း၊ ဟိုတယ်၊ မိုတယ်၊ ခရီးသွားလုပ်ငန်းများနှင့် ဧည့်လမ်းညွှန်များ၏ လုပ်ငန်းလိုင်စင်ကြေးများကို တစ်နှစ်စာကင်းလွတ်ခွင့်ပြုခြင်းများ ကူညီဖြေလျှော့ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ ပွင့်လင်းရာသီတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နေပြီး နိုင်ငံတကာခရီးသွားလုပ်ငန်းများကလည်း မြန်မာနိုင်ငံနှင့်အတူလက်တွဲ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကြံဆဆောင်ရွက်နေကြပြီဖြစ်ရာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာပြီး နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း ၁၀၀ ကျော်သည် ခရီးသွားလုပ်ငန်းများကို ပြန်လည်စတင်နေပြီဖြစ်ပြီး ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်လိုက်သောကြောင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ကမ္ဘာလှည့်ခရီးသည် သန်း ၂၅၀ ကျော် လည်ပတ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးအပိုင်းတွင်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုအပိုင်းတွင်လည်းကောင်း အခြေအနေကောင်းများရရှိလာပြီး ခရီးသွားလုပ်ငန်းများလည်း တိုးတက်လာပြီဖြစ်၍ ခရီးသွားလုပ်ငန်းဖြင့် စီးပွားရေးအတွက် ကောင်းမွန်သော အဖြေတစ်ခုထွက်လာအောင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ခရီးသွားခြင်းသည် ကမ္ဘာ့စီးပွားရေးအတွက် အဖြေတစ်ရပ်ဖြစ်သလို မြန်မာ့စီးပွားရေးအတွက်လည်း အလားအလာကောင်းများဖြစ်၍ ယခုပွင့်လင်းရာသီတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

"အားလုံးပါဝင်ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင် အဖြေရှာစို့။
အားလုံးလက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး"

"Transformative solutions for inclusive development: the role of innovation in fuelling an accessible and equitable world"

၃.၁၂.၂၀၂၂ နေပြည်တော်

## ခေတ်မီစံပြကျေးရွာဆောင်ရွက်လျက်ရှိသည့် အမောက်ဝဲကျေးရွာသို့ ကွင်းဆင်းစစ်ဆေး

မှော်ဘီ နိုဝင်ဘာ ၃၀

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမောက်ဝဲကျေးရွာသို့ နိုဝင်ဘာ ၂၉ ရက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

### ကြည့်ရှုစစ်ဆေး

ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးကျော့လှိုင်နှင့် တာဝန်ရှိသူများသည် ခေတ်မီစံပြကျေးရွာ ဆောင်ရွက်လျက်ရှိသည့် အမောက်ဝဲကျေးရွာတွင် ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများ၊ သွင်းအားစုနှင့်ငွေကြေးဝန်ဆောင်မှု ထောက်ပံ့ကူညီခြင်း ဆောင်ရွက်နေမှုအခြေအနေများ၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားအောင် ဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၀ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၂,၀၂၉ | ၁၈,၂၆၁,၀၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၀၀ | ၄,၀၄၁ | ၁၃,၃၄၆,၈၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၈၈ | ၁,၇၁၆,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၄၉၃ | ၁,၃၀၆,၄၅၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၂၄၁ | ၆၃၈,၆၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၆၆၀ | ၃,၂၃၄,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၃၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၁၇၈.၅ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၅.၇၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၆၁၇ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၂.၅၅ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၇၈၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၂.၈ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၃၅.၈ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၁၃.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၉.၈၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။ ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်လိုသည့်အချက် ၁၁ ချက်နှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့မှ တစ်ချက်ချင်းအလိုက် အဆိုပြုတင်ပြပြီး ညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်တွေ့ရှိချက်များကို တစ်ချက်ချင်းအလိုက် အလွတ်သဘော ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အဆိုပြုချက်များအပေါ် တက်ရောက်လာသူများက မိမိတို့၏သဘောထားများကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် နှစ်ဖက်ဆွေးနွေးချက်များအရ ရရှိလာသည့် သဘောထားများအား သဘောထားစုစည်းချက်များအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။ ထို့နောက် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

## ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း၏ ဥက္ကဋ္ဌ Mr. Fumio USUI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း၏ ဥက္ကဋ္ဌ Mr. Fumio USUI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၉ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဖွံ့ဖြိုးတိုးတက်ရေးထိန်းကျောင်းပေးဆောင်ပုဒ်အတိုင်း စာရင်းစစ်ကျင့်ဝတ်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်

**ပဲခူး နိုဝင်ဘာ ၃၀**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးနှင့် ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံး တာဝန်ခံ အရာထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ် ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့် အညီစစ်ဆေးခြင်းဖြင့် ကြီးကြပ်ထိန်းကျောင်းပေးလျက်ရှိပါကြောင်း၊ သို့ပါ၍ မိမိတို့ရုံး၏ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို သိရှိနားလည်ရန် လိုအပ်သကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင်မှုအရည်အသွေးများ ပြည့်ဝနေရန်လည်း လိုအပ်ပါကြောင်း၊ လုပ်ငန်းသဘာဝအရ အဖွဲ့ဖြင့်ဆောင်ရွက်ရသည့် ပညာရပ်ဆိုင်ရာလုပ်ငန်းဖြစ်၍ အပြန်အလှန်လေးစားမှုဖြင့် စည်းလုံးညီညွတ်စွာဆောင်ရွက်ကြရန်နှင့် လုပ်ငန်းဆိုင်ရာ အသိပညာ၊




ဗဟုသုတများကို စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရမည်ဖြစ်ပါကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုရှိစွာ၊ ရိုးသားဖြောင့်မတ် သိက္ခာသမာဓိရှိစွာ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် စာရင်းစစ်ကျင့်ဝတ်သိက္ခာစောင့်ထိန်းမှုနှင့် သတင်းအချက်အလက်လုံခြုံမှုတို့ကိုလည်း အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်အပေါ် သစ္စာစောင့်သိလျက် မွန်မြတ်သော စိတ်စေတနာများဖြင့် ပြည်သူ့အကျိုးရှေးရှုဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း မှာကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးနှင့် ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံး တာဝန်ခံအရာထမ်းများက လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် အမြဲတမ်းအတွင်းဝန်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ထပ်မံဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် စာရင်းစစ်ရုံး၌ အရှေ့ပိုင်းခရိုင်နှင့် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်စာရင်းစစ်ရုံးများမှ ဝန်ထမ်းများနှင့်လည်းကောင်း၊ မြောက်ပိုင်းခရိုင် စာရင်းစစ်ရုံး၌ မြောက်ပိုင်းခရိုင်နှင့် မြို့နယ်စာရင်းစစ်ရုံးများမှဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံ၍ အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုသတင်းဆောင်းပါးပြိုင်ပွဲစာမူများ ဖိတ်ခေါ်

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သတင်းစာဆရာအသင်းက (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုသတင်းဆောင်းပါးပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

ပထမဆုအဖြစ် ငွေကျပ် ၂၀၀၀၀၀၊ ဒုတိယဆုအဖြစ် ငွေကျပ် ၁၅၀၀၀၀၊ တတိယဆုအဖြစ် ငွေကျပ် ၁၀၀၀၀၀၊ နှစ်သိမ့်ဆုသုံးဆု၊ တစ်ဆုလျှင် ငွေကျပ် ၅၀၀၀၀ စီချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲကိုအလွတ်တန်းအဖြစ် ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ (ဆုရဖူးသော သတင်းဆောင်းပါးနှင့် အခြားမဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် ဖော်ပြခံရဖူးသောသတင်းဆောင်းပါးများ မဖြစ်စေရ။) ပြိုင်ပွဲဝင်တစ်ဦးလျှင် ကလောင်နာမည်တစ်မျိုးနှင့် တစ်ပုဒ်သာယှဉ်ပြိုင်နိုင်ပြီး ကလောင်ခွဲများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းကို လက်မခံပါ။

ကွန်ပျူတာစာစီ၍ A-4 သုံးမျက်နှာထက်မနည်း၊ ငါးမျက်နှာထက် မပိုစေရ၊ ကလောင်အမည်အပြင် အမည်စာရင်း၊ နိုင်ငံသားစိစစ်ရေးနံပါတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံကို နောက်ဆုံးစာမျက်နှာ၌ ဖော်ပြရမည်ဖြစ်ပြီး မိမိကိုယ်တိုင်ရေးသားသည်မှာ မှန်ကန်ကြောင်း လက်ရေးဖြင့်ရေးသား၍ လက်မှတ်ရေးထိုးပေးရပါမည်။

ပြိုင်ပွဲဝင်စာမူများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထား၍ ဗဟန်းမြို့နယ်သတင်းစာဆရာအသင်း တည်ရှိရာ ရေတာရှည်ရပ်ကွက်၊ (ရွှေတိဂုံဘုရား မြောက်ဘက်မုခ်အရှေ့၊ သွေးဆေးကန်အနောက်ဘက်) ကြီးငါးကြီးဆုတောင်းပြည့်ဘုရားရှိ ကျင်းပရေးကော်မတီဝင် ဦးတင်အောင်စိုး (ဖုန်း ၀၉-၅၁၉၄၈၆၄)၊ ဦးဇော်မိုးညွန့် (ဖုန်း ၀၉-၄၂၀၂၁၅၃၁၄)၊ ဦးကျင်ထွန်းအောင် (ဖုန်း ၀၉-၂၅၃၄၂၂၂၄၄) တို့ထံ ပေးပို့ရမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

**တင်ဝင်းတင်**

# ပထမအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော်  နိုဝင်ဘာ  ၃၀**

ပထမအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေး ကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မတီဝင် မြန်မာ့တပ်မတော်မှ အရာရှိကြီးများတက်ရောက်ကြပြီး ရုရှားတပ်မတော် စစ်ဦးစီးချုပ်ရုံးအကြီးအကဲ နှင့် ပထမဒုတိယကြည်းတပ်ဦးစီးချုပ် Colonel-General Kim Alexey Rostislavovich နှင့် ကော်မတီဝင်ရုရှားတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်စကားများ ပြောကြား**

ရှေးဦးစွာ ပထမအကြိမ် မြန်မာ-ရုရှား အကြမ်းဖက်မှုတိုက်ဖျက်ရေး ကော်မတီပူးတွဲဥက္ကဋ္ဌများ ဖြစ်ကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ရုရှားတပ်မတော် စစ်ဦးစီးချုပ်ရုံး အကြီးအကဲနှင့် ပထမဒုတိယကြည်းတပ် ဦးစီးချုပ် Colonel-General Kim Alexey Rostislavovich တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီပူးတွဲဥက္ကဋ္ဌ နှစ်ဦးက အစည်းအဝေးအစီအစဉ်အား အတည်ပြုကြပြီး အစည်းအဝေး တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အစည်းအဝေးတွင် မြန်မာ-ရုရှား အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတိုင်းအတွက် အခြေခံပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီး

## နိုင်ငံသားတိုင်း အခြေခံပညာကို KG+ 9 အထိ မဖြစ်မနေသင်ကြားနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်



**နေပြည်တော်  နိုဝင်ဘာ  ၃၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အခြေခံပညာဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီ တွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)ရှိ အခြေခံပညာဦးစီးဌာန အစည်းအဝေးခန်း၌ ကျင်းပသည်။

**KG+9 အထိ မဖြစ်မနေသင်ကြားနိုင်ရေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက နိုင်ငံတိုင်းအတွက် အခြေခံပညာရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီး ကြောင်း၊ အခြေခံပညာကောင်းမှ နိုင်ငံအုတ်မြစ် ကောင်းမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း အခြေခံ ပညာကို KG+ 9 အထိ မဖြစ်မနေ သင်ကြားနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ် ကြောင်း၊ အခြေခံပညာ ဆရာ ဆရာမများ၏ တက်ညီ လက်ညီကြိုးပမ်းအားထုတ် ဆောင်ရွက်မှုများကြောင့် ယခုပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူ ၇ ဒသမ ၂၃ သန်းကျော် အေးချမ်းစွာတက်ရောက် ပညာသင်ကြားလျက်ရှိ ကြောင်း၊ လိုအပ်ချက် အခက်အခဲများရှိသည့်တိုင် ပညာသင်ကြားရေးလုပ်ငန်းစဉ်များ အောင်မြင် အောင် သစ္စာရှိရှိ ကြိုးစားဆောင်ရွက်ပေးခဲ့ကြသည့် အခြေခံ ဆရာ ဆရာမများအားလုံးကို အထူးကျေးဇူး တင် ဂုဏ်ယူဝမ်းမြောက်ကြောင်း။

ယခုအစည်းအဝေးတွင်လည်း အခြေခံပညာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် လိုအပ်ချက်များကို အဓိကထားဆွေးနွေးကြစေလို ကြောင်း၊ မိမိတို့လက်အောက် ခရိုင်/မြို့နယ်ပညာ ရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ နှင့် နွေးနွေးထွေးထွေး ဆက်ဆံ၍ ပညာရေးလုပ်ငန်း များ အောင်မြင်အောင် ဆောင်ရွက်ကြစေလို ကြောင်း၊ ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အတွေ့အကြုံများသော်လည်း မေ့လျော့မှုမရှိစေဘဲ သတိထားဆောင်ရွက်ကြစေလိုကြောင်း၊ စာရင်း ဇယားများ ပြုစုဆောင်ရွက်၍ ပေးပို့ရာတွင် တိကျ မှန်ကန်စေရေးအတွက် အလေးထားဆောင်ရွက်ကြ စေလိုကြောင်း၊ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း မြင့်မားရေးအတွက် ဝိုင်းဝန်း လက်တွဲကြိုးစားကြစေလိုကြောင်း ပြောကြား သည်။

**ဆွေးနွေးပြောကြား**

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်ဝင်းက တိုင်းဒေသကြီး ပြည်နယ်ပညာရေးမှူးများကို အခြေခံပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဆောင်ရွက်ကြ ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေး ပြောကြားသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးကျော်စွာသွင်က ဆွေးနွေးပြောကြား ပြီး အစည်းအဝေးကို အစီအစဉ်အတိုင်းဆက်လက် ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီမံရေးရာဆိုင်ရာလုပ်ငန်းများ၊ ဘဏ္ဍာရေးရာဆိုင်ရာ လုပ်ငန်းများ၊ ပညာရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**

## သထုံမြို့နယ်၌ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**သထုံ  နိုဝင်ဘာ  ၃၀**

မွန်ပြည်နယ် သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဌာနတို့ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ကျင်းပခဲ့ သည်။

**ရှင်းလင်းဆွေးနွေးခဲ့**

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက အသိပညာပေးဆွေးနွေးပွဲ အစီအစဉ် ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြီး ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထွေးအိခိုင်က ကလေးအလုပ် သမားပပျောက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရ သည်။

သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ အသိပညာပေးဆွေးနွေးပွဲ အစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ခြင်းအပါအဝင် ပြည်သူ အသိပညာပေးဝန်ဆောင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

**ခရိုင်(ပြန်/ဆက်)**

## မြင်းခြံမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြင်းခြံ  နိုဝင်ဘာ  ၃၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေး တိုင်းဒေသကြီး မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ခဲ့သည့် ကူရွာကျေးရွာနှင့် ဖုံရွာကျေးရွာ တို့တွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ မြင်းခြံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာ၊ ခရိုင်စာရင်းစစ်အဖွဲ့၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၀ ဒသမ ၄၇၀ ဖြင့် ကူရွာကျေးရွာတွင်အရှည်ပေ ၅၃၇၀ ရှိ ရေပိုက်လိုင်းသွယ်တန်း ခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၄ ဒသမ ၁၄ သန်းဖြင့် ဖုံရွာကျေးရွာတွင် အရှည်ပေ ၂၇၅၀ ရှိ ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ရေပေးရေး ကော်မတီဝင်များနှင့်ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ကူရွာကျေးရွာနှင့် ဖုံရွာကျေးရွာတို့တွင် ကျေးလက်ရေရရှိ ရေးအတွက် ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်း များကို ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ကျေးရွာနှစ်ရွာရှိ အကျိုးပြုအိမ်ခြေ ၂၄၉ အိမ်၊ လူဦးရေ ၁၀၂၁ ဦးတို့အတွက် သန့်ရှင်းသောသောက်ရေ၊ သုံးရေများ ဖူလုံစွာရရှိနေပြီဖြစ် ကြောင်း သိရသည်။

၂၂၂

**ကျန်းမာဖို့အရေး လမ်းလျှောက်ပေး**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ ကျင်းပရေးညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေ အနုပညာပြပွဲအား ကျောင်းသားကျောင်းသူများ စာအုပ်စာစောင်များကို တန်ဖိုးထား ဖတ်ရှုလိုစိတ်ဖြစ်ပေါ်လာစေရန်နှင့် စာပေ၏ အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ ရုပ်ရှင် အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေပြီး လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှ တစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသ အလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး၊ ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် ပြခန်းများခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူ သိမြင်နိုင်စေရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအတွင်း ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါ်သန်းသန်းလင်း၊ ဦးရဲတင့်၊ ဦးဇော်ဝင်း၊ ဒေါက်တာအေးထွန်း၊ ဒေါက်တာစိုးဝင်း၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**ပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အစီအစဉ်များစွာအနက်မှ လူငယ်နှင့်စာပေ အနုပညာပြပွဲသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ယခင်နှစ်က ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် လူငယ်နှင့် စာပေပွဲတော်ကို ကျင်းပခဲ့ပါကြောင်း၊ ယခုနှစ်တွင် ပိုမိုထူးခြားလေးနက်အောင် လူငယ်နှင့် စာပေအနုပညာပြပွဲဟု အမည်ပြောင်းလဲ၍ နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ကျောင်းသား လူငယ်များ၊ ဝန်ထမ်း မိသားစုများအားလုံး ပါဝင်နိုင်အောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြပွဲတွင် လူငယ်နှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနှင့် စာပေဆိုင်ရာ သိသင့်သိထိုက်သည်များကို ဦးစားပေးပြသသွားမည်ဖြစ်ပါကြောင်း၊ ကလေးများအတွက် စိတ်ဝင်စားဖွယ် အစီအစဉ်များ၊ ပျော်ပျော်ရွှင်ရွှင်ဖြင့် ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်မည့်အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ပြပွဲကိုအဓိပ္ပာယ်ရှိရှိ၊ အနှစ်သာရရှိရှိဖြစ်အောင် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ပြပွဲတွင်ပါဝင်မည့် ဝန်ကြီးဌာနများအနေဖြင့် ပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ပြပွဲတွင် ပါဝင်မည့် စာပေဆိုင်ရာပြသမည့်အစီအစဉ်၊ အနုပညာဆိုင်ရာ ပြသမည့်အစီအစဉ်၊ ပြခန်းများ ပြသမည့်အစီအစဉ်များ၊ ကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများက လူငယ်များ ကျန်းမာကြံ့ခိုင်ရေး၊ စာရိတ္တနှင့် စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာအတွက် ပါဝင်မည့်အစီအစဉ်များ၊ ပြခန်းများ ခင်းကျင်းပြသမှုနှင့် လူငယ်နှင့် စာပေအနုပညာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပေါင်းစပ် ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေ အနုပညာပြပွဲတွင် စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်း၊ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ခြင်း၊ ၂၀ ရာစု စာရေးဆရာများ၏ ဓာတ်ပုံများ ခင်းကျင်းပြသခြင်း စသည်ဖြင့် စာပေဆိုင်ရာ ပြသမည့် အစီအစဉ်များ၊ ဓာတ်ပုံများ ခင်းကျင်းပြသခြင်း၊ ကြီးမြတ်သောမြန်မာ၊ သူ့ကျွန်မခံပြီ၊ ဘောရုပ်ရှင်ကားများ စသည်ဖြင့် အနုပညာဆိုင်ရာ ပြသမည့် အစီအစဉ်များ၊ ဝန်ကြီးဌာနများ အလိုက် ပြခန်းများ ခင်းကျင်းပြသမည့် အစီအစဉ်များကို လူငယ်များအတွက် အဓိကထား၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်၏ ပထမအကြိမ်ညီလာခံသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်၏ ပထမအကြိမ်ညီလာခံကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်ဦးဆောင်၍ နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။




**တက်ရောက်**

ညီလာခံသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ရုရှား၊ ဘီလာရုစ်၊ ဟန်ဂေရီ၊ စပိန်၊ အီဂျစ်၊ ဘရာဇီးလ်၊ အာဂျင်တီးနား၊ ပါကစ္စတန်၊ ကာဂျစ်စတန်၊ ဥဇဘက်ကစ္စတန်၊ နယူးဇီလန်၊ ဆော်လမွန်၊ နိုင်ဂျီးရီးယား၊ အီသီယိုးပီးယားနှင့် အစ္စရေးနိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ ပြည်ထဲရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရဲချုပ်များ၊ သံအမတ်ကြီးများနှင့် အင်တာပိုလ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့အပါအဝင် နိုင်ငံ ၃၈ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး Mr.Wang Xiaohong က မိန့်ခွန်းပြောကြားခဲ့ပြီး ညီလာခံအား အပိုင်းလေးပိုင်းခွဲ၍ လျင်မြန်စွာပြောင်းလဲနေသော ကမ္ဘာကြီးတွင် လုံခြုံရေးဆိုင်ရာ အသိုက်အဝန်းတစ်ရပ် ပေါ်ထွန်းလာစေရေး၊ လုပ်ငန်းတာဝန်ကျွမ်းကျင်မှုရှိပြီး ထိရောက်မှုရှိသော တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ပေါ်ထွန်းလာစေရေး၊ အနာဂတ်တွင် အဆင်သင့်ဖြစ်စေရန် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များ ပိုမိုတိုးမြှင့်ပြုလုပ်ပေးရေး၊ လုံခြုံစိတ်ချရမှုရှိသော ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်လာစေရန် လုံခြုံရေးဆိုင်ရာ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်မည့် ယန္တရားတစ်ရပ် ပေါ်ထွန်းလာစေရေး စသည့်ခေါင်းစဉ် လေးရပ်ဖြင့် ဆက်လက်ပြုလုပ်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်က လက်ရှိဖြစ်ပေါ်နေသော စိန်ခေါ်မှုများနှင့် အတားအဆီးများကို ထိရောက်စွာဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းရမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ခိုင်မာအားကောင်းခြင်းသည် ကမ္ဘာလုံးဆိုင်ရာ ပြစ်မှုကြိုတင်ကာကွယ်ရေးနှင့်တိုက်ဖျက်ရေး အားထုတ်ကြိုးပမ်းမှုများကို ထိရောက်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အဆင်ပြေချောမွေ့စေရေးအတွက် အခြေခံအချက်တစ်ရပ် အနေဖြင့် မိမိတို့သည် နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် ယင်း၏နောက်ဆက်တွဲစာချုပ်များအပါအဝင် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များ၊ သဘောတူညီချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ဖိုရမ် သုံးခုခွဲ၍ဆောင်ရွက်**

ညီလာခံဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆက်လက်ကျင်းပခဲ့ပြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဖိုရမ်၊ သတင်းအချက်အလက် လုံခြုံရေးဆိုင်ရာ ဖိုရမ်၊ ရဲအကယ်ဒမီကျောင်းအုပ်ကြီးများဖိုရမ် စသည်ဖြင့် ဖိုရမ်သုံးခုခွဲ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ

# အေအိုင်ဒီအက်စ်ပပျောက်ဖို့ မညီမျှမှုများလျှော့ချလို့ အားလုံးပူးပေါင်းဆောင်ရွက်စို့

ဒေါက်တာသန်းသန်းလွင် (ခုခံကျ/ကာလသား)၊ ဒေါက်တာသန်းနိုင်စိုး(ကျန်းမာရေးအသိပညာမြှင့်တင်ရေး)

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားများအား နှစ်စဉ်ဒီဇင်ဘာ ၁ ရက်နေ့တွင် ကမ္ဘာတစ်ဝန်းလုံး၌ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ ကျန်းမာရေး အသိပညာ မြှင့်တင်ရန်၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အိပ်ချ်အိုင်ဗွီရောဂါပိုးရှိသူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးမှ ပူးပေါင်းပါဝင်၍ ခုခံအားကျဆင်းမှုကူးစက်ရောဂါအား ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လုံးဝကင်းစင်ပပျောက်သွားသည်အထိ ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်သွားရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါသည်။




ပုံ(၁)-အိပ်ချ်အိုင်ဗွီရောဂါပိုးရှိ လူနာများအား အေအာတီဆေးဝါးဖြင့် အခမဲ့ နှစ်စဉ်တိုးတက်ကုသပေးနိုင်ပုံ။

၁၉၈၀ ပြည့်လွန်နှစ်များမှစတင်၍ သတိပြုမိလာသော အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ပြဿနာသည် ယခုအချိန်အထိ လူထုကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပါသည်။ ကုလသမဂ္ဂအိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ပူးပေါင်းအစီအစဉ် (UNAIDS)မှ ၂၀၃၀ ပြည့်နှစ်တွင် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါကို ကပ်ရောဂါအသွင်အဖြစ် တည်ရှိနေခြင်းမှ အဆုံးသတ်ရန်ရည်မှန်းချက်နှင့် နည်းဗျူဟာများ ချမှတ်ထားပြီးဖြစ်ရာ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ အသစ် ကူးစက်ဖြစ်ပွားမှု "သုည"၊ ခွဲခြားနှိမ်ချဆက်ဆံမှု "သုည"၊အေအိုင်ဒီအက်စ်ကြောင့် သေဆုံးမှု "သုည" ဖြစ်သည်အထိ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။

### အမျိုးသားမဟာဗျူဟာစီမံကိန်း

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်သည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၂၅)ကိုရေးဆွဲ၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအမျိုးသားမဟာဗျူဟာစီမံကိန်းသည် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးရည်မှန်းချက်မှတ်တိုင် သုံးခုဖြစ်သည့် (၉၅-၉၅-၉၅)ကို ရည်ရွယ်ထားရှိ၍ UNAIDS မှ ချမှတ်ထားသည့် နည်းဗျူဟာနှင့်အညီ ရေးဆွဲထားခြင်းဖြစ်ပါသည်။ ရည်မှန်းချက်မှတ်တိုင် အမှတ်စဉ်(၁)အနေဖြင့် အိပ်ချ်အိုင်ဗွီရောဂါပိုးနှင့် ရှင်သန်နေထိုင်သူများ၏ ၉၅ ရာခိုင်နှုန်းသည် မိမိတို့ပိုးရှိနေကြောင်း သိရှိနိုင်ရန်ဖြစ်ပြီး အမှတ်စဉ်(၂)အနေဖြင့် အိပ်ချ်အိုင်ဗွီရောဂါပိုးရှိကြောင်း စစ်ဆေးသိရှိထားသူများ၏ ၉၅ ရာခိုင်နှုန်း ဆေးဝါးကုသမှု ရရှိနိုင်ရန် ဖြစ်ပါသည်။ အမှတ်စဉ်(၃) အနေဖြင့် အေအာတီဆေး သောက်သုံးနေသူများ၏ ၉၅ ရာခိုင်နှုန်းသည် သွေးအတွင်းတွင် အိပ်ချ်အိုင်ဗွီရောဂါပိုး ကောင်ရေကို ထိန်းချုပ်ထားနိုင်ရန် ဖြစ်ပါသည်။

အထက်ဖော်ပြပါ အမျိုးသားမဟာဗျူဟာစီမံကိန်းအရ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ကို အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အဓိကဦးစားပေးဆောင်ရွက်ရမည့်ဒေသများအဖြစ် သတ်မှတ်ထားပြီး ကူးစက်မှုအန္တရာယ်လျှော့ချရေးနှင့် မက်သာဒုန်းအစားထိုး တိုက်ကျွေးရေး ဝန်ဆောင်မှုများအပါအဝင် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ အေအာတီဆေး တိုက်ကျွေးခြင်းအပါအဝင် ပြုစုကုသစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

### ရောဂါကူးစက်ခံရသူဦးရေကျဆင်း

မြန်မာနိုင်ငံ၌ ၂၀၂၂ ခုနှစ်တွင် အသက် ၁၅ နှစ်နှင့်အထက် လူအုပ်စုများတွင် အိပ်ချ်အိုင်ဗွီဖြစ်ပွားနှုန်းသည် AIDS Epidemic Model- AEM ဖြင့် ခန့်မှန်းတွက်ချက်မှုများအရ သုည ဒသမ ၆၄ ရာခိုင်နှုန်း ဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် ရောဂါအသစ် ကူးစက်ခံရမှုအနေဖြင့် အမြင့်ဆုံးဖြစ်ခဲ့ပြီး အသစ်ရောဂါကူးစက်ခံရသူဦးရေ ၃၀၀၀၀ နီးပါးရှိခဲ့ရာမှ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့မှုကြောင့် ၂၀၂၂ ခုနှစ်တွင် အသစ်ရောဂါကူးစက်ခံရသူဦးရေ ၁၁၀၀၀ ခန့်အထိ ကျဆင်းလာသည်ကိုတွေ့ရပြီး အသစ်ရောဂါကူးစက်ခံရသူဦးရေ ပိုမိုလျော့နည်းကျဆင်းလာရေးအတွက် ဆက်လက်၍ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါသည် အဓိကအားဖြင့် ကူးစက်ရန် အန္တရာယ်များသော လူအုပ်စုများဖြစ်သည့် မူးယစ်ဆေးအကြောထဲထိုးသွင်းသူများ၊ အမျိုးသားချင်းချစ်ခင်စုံမက်သူများ၊ အမျိုးသမီးလိင်လုပ်သမများနှင့် ၎င်းတို့၏ လိင်ဆက်ဆံဖော်များအကြားတွင် ကူးစက်ခံရမှု မြင့်မားနေကြောင်း တွေ့ရပါသည်။ ၂၀၂၂ ခုနှစ်အတွင်း အိပ်ချ်အိုင်ဗွီပိုးအသစ် ကူးစက်ခံရမှုများ၏ ၅၀ ရာခိုင်နှုန်းကျော်သည် အဆိုပါ ဦးတည်အုပ်စုဝင်များ အတွင်းမှ ဖြစ်ကြောင်း တွေ့ရပါသည်။


ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်အနေဖြင့် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေး နည်းဗျူဟာအသစ်ဖြစ်သည့် အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်ရန် အန္တရာယ်ရှိသော ဦးတည်အုပ်စုဝင်များအား ရောဂါပိုးကူးစက်မှုမှ ကာကွယ်ရန် ဆေးတိုက်ကျွေးခြင်း Pre Exposure Prophylaxis (PrEP) လုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးတွင် အမျိုးသားချင်းချစ်ခင်စုံမက်သူများအတွက် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ဆောင်ရွက်ခဲ့ရာ အမျိုးသားချင်းချစ်ခင်စုံမက်သူ ၁၈၁၄ ဦးအား PrEP တိုက်ကျွေးနိုင်ခဲ့ပါသည်။ PrEP ဆေးတိုက်ကျွေးခြင်းမှ ရလဒ်များမှာ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်နိုင်သည့် ရလဒ်ကောင်းများရရှိသည့်အတွက် အဆိုပါဆေးတိုက်ကျွေးခြင်းအား ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အမျိုးသားချင်းချစ်ခင်စုံမက်သူများနှင့် အမျိုးသမီးလိင်အလုပ်သမများအတွက် လည်းကောင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးတို့၌ အမျိုးသားချင်းချစ်ခင်စုံမက်သူများအတွက် လည်းကောင်း ၂၀၂၃ ခုနှစ်မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် မူးယစ်ဆေးအကြောထဲထိုးသွင်းသူများအတွက် PrEP ဆေး တိုက်ကျွေးခြင်းကိုလည်း ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### အောင်မြင်မှုများတိုးတက်ရရှိ

ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့်ဆောင်ရွက်သည့် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် ကူးစက်ရန်အန္တရာယ်ရှိသည့် အပြုအမူများ ပြုမူသည့် ဦးတည်အုပ်စုဝင်များအတွက် စင်တာများ (Key Population Service Center-KPSC) နှင့် လူထုအခြေပြု အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများ၊ လူထုအခြေပြု အိပ်ချ်အိုင်ဗွီရောဂါပိုးရှိ၊ မရှိ စစ်ဆေးခြင်းများသည်လည်း လက်ရှိတွင် အောင်မြင်မှုများ တိုးတက်ရရှိနေပါသည်။ ထို့အပြင် အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်ခံထားရပါက စောစီးစွာရှာဖွေဖော်ထုတ်၍ ဆေးကုသမှုခံယူခြင်းဖြင့် အခြားသူများသို့ ကူးစက်မှုကွင်းဆက်ဖြတ်တောက်ရန် ရည်ရွယ်၍ အိပ်ချ်အိုင်ဗွီရောဂါပိုးရှိ၊ မရှိ မိမိကိုယ်တိုင် စစ်ဆေးခြင်းလုပ်ငန်းအား ရှေ့ပြေးစီမံချက်အဖြစ် ၂၀၂၂ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသားချင်းချစ်ခင်စုံမက်သူ ၉၂၉ ဦးနှင့် မန္တလေးတိုင်းဒေသကြီးမှ ၁၀၀၀ တို့အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆက်လက်၍ တိုးချဲ့ဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိပါသည်။

စာမျက်နှာ ၇ သို့ ❖

> ၁၉၈၀ ပြည့်လွန်နှစ်များမှစတင်၍ သတိပြုမိလာသော အိပ်ချ်အိုင်ဗွီ / အေအိုင်ဒီအက်စ်ရောဂါ ပြဿနာသည် ယခုအချိန်အထိ လူထုကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပါသည်။ ကုလသမဂ္ဂအိပ်ချ်အိုင်ဗွီ / အေအိုင်ဒီအက်စ် ပူးပေါင်းအစီအစဉ်(UNAIDS)မှ ၂၀၃၀ ပြည့်နှစ်တွင် အိပ်ချ်အိုင်ဗွီ / အေအိုင်ဒီအက်စ်ရောဂါကို ကပ်ရောဂါအသွင်အဖြစ် တည်ရှိနေခြင်းမှ အဆုံးသတ်ရန်ရည်မှန်းချက်နှင့် နည်းဗျူဟာများ ချမှတ်ထားပြီးဖြစ်ရာ အိပ်ချ်အိုင်ဗွီ / အေအိုင်ဒီအက်စ်ရောဂါ အသစ်ကူးစက်ဖြစ်ပွားမှု "သုည"၊ ခွဲခြားနှိမ်ချဆက်ဆံမှု "သုည"၊ အေအိုင်ဒီအက်စ်ကြောင့် သေဆုံးမှု "သုည" ဖြစ်သည်အထိ ဆောင်ရွက်နိုင်ရန်ရည်ရွယ်ထား




ပုံ(၂)-မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီရောဂါပိုးရှိ လူနာသစ်တွေ့ရှိမှု လျော့နည်းကျဆင်းလာပုံ။

# အစိုးရစက်မှုလက်မှုသိပ္ပံ(ထားဝယ်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်) ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃၀

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ထားဝယ်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (သန်လျင်) ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက် ၉ နာရီတွင် တစ်ပြိုင်တည်းကျင်းပသည်။

**တက်ရောက်**

အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ) ဖွင့်ပွဲအခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ GTI ကျောင်းသားဟောင်းများ၊ ဆရာ ဆရာမများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး အစိုးရစက်မှုလက်မှုသိပ္ပံ(ထားဝယ်) ဖွင့်ပွဲအခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကာ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)ကို ဖွင့်လှစ်ပေးစဉ်။

အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်) ဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ဖွင့်လှစ်ကြသည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများသည် အဆိုပါအစိုးရစက်မှုလက်မှုသိပ္ပံများအတွင်းရှိ မြို့ပြအင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာနှင့် စက်မှုအင်ဂျင်နီယာ အလုပ်ရုံများ၊ လက်တွေ့ခန်းများ၊ စာသင်ခန်းများ၊ စာကြည့်တိုက်နှင့် ကွန်ပျူတာခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါဖွင့်ပွဲအခမ်းအနားများတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များက အဖွင့်အမှာစကားများ ပြောကြားကြပြီး အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများမှ ကျောင်းသားကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်များကို ကြည့်ရှုအားပေးကြသည်။


အစိုးရစက်မှုလက်မှုသိပ္ပံ(ထားဝယ်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)တို့ကို ဖွင့်လှစ်ခြင်းသည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် နည်းပညာကျွမ်းကျင်သည့် ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရေး ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ကျောင်းများတိုးချဲ့ ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူများ၏ သားသမီးများနှင့် အနယ်နယ်အရပ်ရပ်မှ ထူးချွန်ကျောင်းသားကျောင်းသူများအတွက် သင်ကြားသင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ နည်းပညာနှင့် သက်မွေးပညာရပ်များကို လေ့လာသင်ယူခွင့်ရရှိစေရန် နည်းပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်စေမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ၏ (၁၁)ကြိမ်မြောက် အဖွဲ့ဝင်များညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၃၀

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ (International Anti–Corruption Academy–IACA)၏ (၁၁)ကြိမ်မြောက် အဖွဲ့ဝင်များညီလာခံသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကိုယ်စား ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ညီလာခံတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က ဆွေးနွေးပြောကြားရာ၌ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) သို့ ၂၀၁၂ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်များတွင် ပြည်သူများ၏ အသိဉာဏ်နှင့် စွမ်းဆောင်ရည် တိုးမြင့်ရေးအတွက် IACA က ပံ့ပိုးဆောင်ရွက်ပေးနိုင်မည်ဟူသော ယုံကြည်ချက်ဖြင့် မြန်မာနိုင်ငံသည် IACA သို့ ၂၀၁၉ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်(၂၀၂၂–၂၀၂၅)ကို ရေးဆွဲချမှတ်ပြီး နှစ်အလိုက် Action Plan ချမှတ်လျက် နိုင်ငံအတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးအစီအစဉ်များကို နိုင်ငံပိုင်သတင်းစာ၊ ရုပ်မြင်သံကြားနှင့် ဆိုရှယ်မီဒီယာများမှတစ်ဆင့် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများက ဖွင့်လှစ်ပို့ချသော သင်တန်းများတွင် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုတို့တွင် အဂတိလိုက်စားမှုကာကွယ်ရေးအဖွဲ့များ (CPU) ဖွဲ့စည်းပြီးစီးမှု၊ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ဆောင်ရွက်နေမှုနှင့် ရာထူးကြီးငယ်မရွေး အဂတိလိုက်စားမှုများကို စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် UNODC နှင့် လည်းကောင်း၊ ဒေသတွင်း၌ ASEAN–PAC အဖွဲ့ဝင်နိုင်ငံများနှင့် လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဗီယက်နမ်၊ ထိုင်း၊ လာအို၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ကမ္ဘောဒီးယားနိုင်ငံများနှင့် နှစ်နိုင်ငံချင်း MoU များ လက်မှတ်ရေးထိုးထားကြောင်း၊ ဒိန်းမတ်နိုင်ငံနှင့်လည်း LOI လက်မှတ်ရေးထိုးထားကြောင်း ရှင်းလင်းပြောကြားသည်။




ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံအများအပြားမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြပြီး IACA ၏ ရုံးလုပ်ငန်းဆိုင်ရာတိုးတက်မှုများ၊ ၂၀၂၁–၂၀၂၄ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် လက်ရှိအခြေအနေ၊ ပြောင်းလဲလာသော အခြေအနေများနှင့် စိန်ခေါ်မှုများ၊ ၂၀၂၃ ခုနှစ်အတွက် ဘတ်ဂျက်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး Measurement of Corruption နှင့် General Matters ဆိုင်ရာ Resolution နှစ်ခုကို အတည်ပြုချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

၂၀၂၁ ခုနှစ်ကုန်အထိ ရရှိသော စာရင်းများအရ ကျန်းမာရေးဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပြီး အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် လူနာ စုစုပေါင်း ၁၉၀၄၁၃ ဦးကို အေအာတီ ဆေးဝါးဖြင့် ကုသပေးနိုင်ခဲ့ပြီးဖြစ်ရာ အဆိုပါလူနာများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အေအာတီဆေးကုဌာနများတွင် ဆေးကုသမှုခံယူခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍ ကုသစောင့်ရှောက်မှုပေးအပ်လျက်ရှိပါသည်။ ထိုသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံ/ဆေးခန်းများတွင် ကုသစောင့်ရှောက်မှုများ ပိုမိုတိုးချဲ့ပေးအပ်လာနိုင်ခြင်းဖြင့် လူနာများအတွက် ရေရှည်ကုသမှုခံယူနိုင်မည် ဖြစ်ပါသည်။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တိကျခိုင်မာသော သတင်းအချက်အလက်များ ရရှိနိုင်ရေးနှင့် ဆန်းစစ်လေ့လာနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ဖြစ်ပွားမှု အခြေအနေနှင့် အန္တရာယ်ရှိသော အပြုအမူကျင့်သုံးမှုအခြေအနေများ ပုံမှန်ဆန်းစစ်ချက်အရ အိပ်ချ်အိုင်ဗွီဖြစ်ပွားမှုနှုန်းအနေဖြင့် အမျိုးသမီးလိင်အလုပ်သမများတွင် ၈ ဒသမ ၂ ရာခိုင်နှုန်းနှင့် အမျိုးသားချင်းချစ်ခင်စုံမက်သူများတွင် ၈ ဒသမ ၈ ရာခိုင်နှုန်း အသီးသီးရှိနေပြီး ၂၀၁၇ ခုနှစ် ဆန်းစစ်ချက်များအရ မူးယစ်ဆေးအကြောထဲထိုးသွင်းသူများတွင် အိပ်ချ်အိုင်ဗွီဖြစ်ပွားမှုနှုန်း ၃၄ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

မိမိတို့နိုင်ငံအနေဖြင့် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးအသွင်ဖြင့် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရ၏ ရန်ပုံငွေထည့်ဝင်မှုသည် နှစ်စဉ်သိသာစွာ တိုးတက်လာခဲ့ပါသည်။ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော ရန်ပုံငွေကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ရန်ပုံငွေအဖွဲ့တို့မှ အဓိကထောက်ပံ့ပေးလျက်ရှိပြီး ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် အေအာတီဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူရန်အတွက် အမေရိကန်ဒေါ်လာ ၁၆ သန်းကို ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးခဲ့ပါသည်။

ယခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ဆောင်ပုဒ်ဖြစ်သည့် “Equalize” “အေအိုင်ဒီအက်စ် ပပျောက်ဖို့၊ မညီမျှမှုများလျှော့ချလို့၊ အားလုံးပူးပေါင်းဆောင်ရွက်စို့” နှင့်အညီ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်သည် အိပ်ချ်အိုင်ဗွီကာကွယ်ကုသရေးဝန်ဆောင်မှုများကို လူတိုင်းညီတူညီမျှ လက်လှမ်းမီရရှိစေရေး ဆောင်ရွက်လျက်ရှိရာတွင် မညီမျှမှုများရှိပါက ဝိုင်းဝန်းအဖြေရှာ၍ လူတိုင်းလုံခြုံစိတ်ချရသော ကျန်းမာရေးစောင့်ရှောက်မှုများရရှိကာ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ကင်းဝေးသောအနာဂတ်ကိုဖော်ဆောင်ရန် အမျိုးသားမဟာဗျူဟာစီမံကိန်းအရ လုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိပါကြောင်းနှင့် မိဘပြည်သူများအနေဖြင့် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်မှုများကို သိရှိ၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ပါရန် တင်ပြလိုက်ရပါသည်။ ။

# ကိုဗစ်-၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း(၁)နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**

**ကုစားရေးလုပ်ငန်းကော်မတီ**

သတင်းထုတ်ပြန်ချက် (၄ / ၂၀၂၂)

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်

**ကိုဗစ်-၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့်ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း(၁)နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာခြင်း**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏ တာဝန်များအနက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေးအတွက် နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍမှ ထိခိုက်မှုအများဆုံးဖြစ်သည့် လုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်းတစ်နှစ် (အတိုးနှုန်း ၁ %) သတ်မှတ်ပြီး ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှစတင်၍ ချေးငွေများ ခွင့်ပြုထုတ်ချေးပေးခဲ့ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်က ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ထိ ကုမ္ပဏီ/ လုပ်ငန်း စုစုပေါင်း ၃၂၅ ခု၊ ချေးငွေပမာဏ ကျပ် ၇.၆ ဘီလီယံအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသဖြင့် အစောဆုံးထုတ်ပေးခဲ့သည့် ချေးငွေရရှိသူများသည် မကြာမီချေးငွေသက်တမ်းကာလ ပြည့်မြောက်ပြီး ပြန်လည်ပေးဆပ်ရမည့်ကာလ စေ့ရောက်တော့မည် ဖြစ်ပါသည်။

၃။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများထပ်မံရှိနေပြီး ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေ ပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန်ကာလ စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၁)နှစ်သက်တမ်း တိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၄။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသည့် နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍမှ ကုမ္ပဏီ/လုပ်ငန်း ၃၂၅ ခု အနေဖြင့် အောက်ပါအခြေအနေများဖြင့် ကိုက်ညီသူများအား ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလ သက်တမ်း(၁)နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ်(၁) နှစ် ထပ်မံတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အတိုးများအား ကာလစေ့ရောက်သည့်နေ့တွင် ပေးဆပ်ပြီး ဖြစ်ရပါမည်၊

(ခ) ချေးငွေအား ရည်ရွယ်ချက်အတိုင်း ထိရောက်အောင် ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ/ လုပ်ငန်း ဖြစ်ရပါမည်။

၅။ လုပ်ငန်းကော်မတီက ခွင့်ပြုခဲ့သည့် ချေးငွေထုတ်ယူခွင့်ပြုကြောင်း အကြောင်းကြားစာတွင် **“ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်ခံရမည်ဖြစ်ပါကြောင်း”** အသိပေးဖော်ပြပါရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် ချေးငွေအရင်း၊ အတိုး ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ချေးငွေသဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြောင်းအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုထားသည့်ကာလအတွင်း အပြီးသတ်အပြေအကျေပေးဆပ်ရန် အသိပေးကြေညာအပ်ပါသည်။

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်
စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ



## ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဌာနကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာ ကိစ္စများအတွက် လုပ်ငန်းကော်မတီက ညှိနှိုင်းဆောင်ရွက်ထားရှိမှု၊ ချေးငွေပြန်လည်ပေးဆပ်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေသက်တမ်း စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ်တစ်နှစ် ထပ်မံတိုးမြှင့်ပေးမည့် အခြေအနေကို ဆွေးနွေးသည်။

ဆက်လက်၍လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ်ကြပ်မတ်ရေးဆိုင်ရာကိစ္စ၊ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ချေးငွေပြန်လည်ကောက်ခံရရှိမှုနှင့် ချေးငွေအရင်း၊ အတိုးလက်ခံရရှိမှုကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

အစည်းအဝေးတက်ရောက်လာကြသူများက ကိုဗစ်-၁၉ ကြောင့် စီးပွားရေးသက်ရောက်မှုများ ကုစားရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေသက်တမ်းတစ်နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ်တစ်နှစ် ထပ်မံတိုးမြှင့်ရေးကိစ္စကို အတည်ပြုညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မန္တလေးနို့ချက်စက်ရုံ စမ်းသပ်လည်ပတ်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် မန္တလေးနို့ချက်စက်ရုံ ပြန်လည်လည်ပတ်နိုင်ရေး နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်း၍ စက်ရုံအကြီးစားပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေ၊ ကုန်ကြမ်းရရှိမှုအခြေအနေ၊ နို့ချက်စက်ရုံစမ်းသပ်လည်ပတ် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးနို့ချက်စက်ရုံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ရှိသူများက စက်ရုံအကြီးစား ပြင်ဆင်ခဲ့မှုအခြေအနေ၊ စမ်းသပ်လည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စက်ရုံအတွင်း နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်၊ နို့ဒိန်ချဉ်၊ နွားနို့အဆင့်ဆင့် စမ်းသပ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

မန္တလေးနို့ချက်စက်ရုံ စွမ်းအားပြည့်ထုတ်လုပ်မည်ဆိုပါက တစ်ရက်လျှင် နို့ဆီဘူး ၁၀၀၀၀၊ နို့စိမ်းဘူး ၅၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ယခုအခါ ကုန်ကြမ်းရရှိမှု အခြေအနေအရ တစ်ရက်လျှင် နို့ဆီ၊ နို့စိမ်းဘူး ၆၀၀၀ သာ စမ်းသပ်ထုတ်လုပ်လျက်ရှိကာ နို့ဆီဘူးများ၊ နို့စိမ်းဘူးများ၊ နို့မှုန့်ထုပ်အထုပ်ကြီး၊ အထုပ်သေးအမျိုးမျိုး၊ နို့ဒိန်ချဉ် ဘူးကြီး၊ ဘူးလတ်၊ ဘူးသေးအမျိုးမျိုး၊ နွားနို့ ဘူးကြီး၊ ဘူးလတ်၊ ဘူးသေး အမျိုးမျိုးကို ပြင်ပပေါက်ဈေးထက် ချိုသာသော ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် မကြာမီစက်ရုံအားဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးသိပ္ပံ(ပုသိမ်ကြီး) သို့ရောက်ရှိပြီး ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၏ လိုအပ်ချက်များကို ဆွေးနွေးမေးမြန်း၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကညွတ်သရုပ်ပြစိုက်ခင်း၊ သရုပ်ပြမွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**



# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ ဆက်လက်ကျင်းပ




ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးကိုကိုနှင့် တက်ရောက်လာကြသည့် ပရိသတ်များ ပဒေသာကပွဲဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ ပဥ္စမနေ့ကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ဆက်လက် ကျင်းပသည်။

ပဒေသာကပွဲသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာ ရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင် စုအဆင့်အဖွဲ့အစည်းများမှ ဌာန ဆိုင်ရာ အကြီးအကဲများ၊ တပ်မတော်မှ အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်း မိသားစုများနှင့် ပြည်သူများ စည်ကားသိုက်မြိုက်စွာ တက် ရောက်ကြည့်ရှုအားပေးကြသည်။

ပဒေသာကပွဲတွင် သာသနာ ရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာ ရှင်များက ဦးနန်းညွန့်ဆွေ (မန္တလေး) ဇာတ်ညွှန်းရေးဖွဲ့သည့် **"အသက်ထက် မြတ်သောဂုဏ်သိက္ခာ"** ဆိုသည့်ဖြစ်ရပ်မှန် သမိုင်းကို အခြေပြုတင်ဆက် ထားသည့် ပြဇာတ်ကြီးကို ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါပြဇာတ်ကြီးကို မြန်မာ့ သမိုင်းတွင် ရတုရေးသားရာ၌ တံခွန်စိုက်ထူခဲ့သည့် တောင်ငူ ဘုရင်နတ်သျှင်နောင်နှင့် ရာဇ ဓာတုကလျာမင်းသမီးတို့၏ အချစ် ဇာတ်ကြောင်း၊ ဟံသာဝတီပြည့် ရှင် ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော် ဖြစ်သော်လည်း လောကဒဏ် အနိမ့်အမြင့် အတက်အကျတွင် လိုက်ပါခဲ့ ရသည့် ရာဇဓာတုကလျာ၏ ရင်နင့်ဖွယ်ရာဖြစ်ရပ်နှင့်အတူ ပဒေသရာဇ်များ၏ အားပြိုင်မှုမှ ဖြစ်ပေါ်လာသော နိုင်ငံရေး၊ စစ်ရေး အခင်းအကျင်းများကို နောက်ခံလျက် စစ်ရေးစစ်ရာတွင် ရဲစွမ်းသတ္တိရှိသည် သာမက အနုသုခုမပညာတွင်လည်း လက် ရာပြောင်မြောက်ခဲ့သော နတ်သျှင် နောင်သည် မိမိတို့၏ နိုင်ငံတွင်း ပြဿနာကို ဖြေရှင်းရန်ကြိုးပမ်း ရာ၌ တိုင်းတစ်ပါးသားကို အကြွင်းမဲ့ယုံစား၍ ပူးပေါင်း ဆောင်ရွက်မိသဖြင့် မလှပသော သမိုင်းနိဂုံးဖြင့် ဇာတ်သိမ်းရ သည်ကို သမိုင်းတစ်ကွေ့၏ သတိမူစရာသင်ခန်းစာဖြစ်ရပ် တစ်ခုအနေဖြင့် တင်ဆက်ပြသ ခြင်း ဖြစ်သည်။


အဆိုပါ **"အသက်ထက် မြတ်သော ဂုဏ်သိက္ခာ"** ဇာတ်ကြီးကို ၂၀၂၃ ခုနှစ်တွင် ရန်ကုန်မြို့ရှိ အမျိုးသား ကဇာတ်ရုံကြီး၌ အများပြည်သူများကို ဆက် လက်ဖျော်ဖြေ တင်ဆက်နိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ထား ကြောင်း သိရသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဦးမောင်မောင် အုန်းနှင့် သာသနာရေးနှင့် ယဉ် ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုတို့က ဂုဏ်ပြုပန်း ခြင်းဖြင့် လည်းကောင်း၊ သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဂုဏ်ပြုဆုငွေများနှင့် ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင် ရေး ညွှန်ကြားရေးမှူးရုံးမှလည်း ဂုဏ်ပြုဆုငွေများဖြင့် လည်း ကောင်း ပေးအပ်ကာ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနု ပညာဦးစီးဌာနမှ အနုပညာရှင် များကို ရင်းရင်းနှီးနှီး နှုတ်ဆက် ကြသည်။

**သတင်းစဉ်**








အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "အသက်ထက် မြတ်သောဂုဏ်သိက္ခာ" ပြဇာတ်ကြီးဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

# စက်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာ အသက်မွေးပညာသင်တန်းကျောင်းများကို လာမည့်ပညာသင်နှစ်မှစတင်၍ စဉ့်ကူး၊ မြစ်သား၊ မိတ္ထီလာ၊ ပျော်ဘွယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့တွင် ဖွင့်လှစ်မည်

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပြင်ဦးလွင်မြို့ရှိ အခြေခံပညာအထက်တန်း ကျောင်းများဖြစ်သည့် အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၅)တို့သို့ ယနေ့နံနက်ပိုင်းကရောက်ရှိရာ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့်အတူ ကျောင်းများအတွင်း အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

**ကြိုးစားဆောင်ရွက်**

တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်များနှင့်အညီ တိုင်းဒေသကြီးအတွင်း ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးကဏ္ဍများတွင် အနီးကပ် ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ လာမည့်စာသင်နှစ်တွင် ကျောင်းအပ်နှံမှုပိုမိုတိုးတက်အပ်နှံရေး မိဘ၊ ဆရာပေါင်းစပ်ကာ ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပညာသင်ယူခွင့်ရရှိရေး၊



ကျောင်းနေမြဲရေး၊ အတန်းကူးပြောင်းနှုန်းမြင့်မားရေး၊ ကျောင်းထွက်နှုန်းလျော့ပါးရေးတို့ကို အားလုံးပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အတန်းပညာသင်ကြားနိုင်ခြင်းမရှိသည့် လူငယ်များအတွက် စက်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာပညာများ သင်ကြားပေးမည့် အသက်မွေးပညာသင်တန်းကျောင်းများကို စဉ့်ကူးမြို့နယ်၊ မြစ်သားမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့၌ လာမည့်ပညာသင်နှစ်တွင် စတင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ အဆိုပါကျောင်းများသို့ တက်ရောက်သင်ကြားပေးနိုင်ရန် စီစဉ်ထားကြောင်း ပြောကြားပြီး စာသင်ခန်းများ၊ စာကြည့်တိုက်များအတွင်း လိုက်လံကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျောင်းများသို့ သွားရောက်ကြည့်ရှုအားပေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေသည့် ကိုရင် ၂၈ ပါး၊ သီလရှင် ၃၆ ပါးတို့အား နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်တော်ကြီး ကန်အမှတ်(၄) ကန်ပေါင်ရေထိန်းမျှော်စင်သို့ရောက်ရှိပြီး ကန်တော်ကြီးအတွင်း ရေဝင်ရောက်နေမှု အခြေအနေများနှင့် ကန်ပေါင်ဝန်းကျင် သန့်ရှင်းသပ်ရပ်လှပရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။ ထို့နောက် အမျိုးသားကန်တော်ကြီးဥယျာဉ် ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူတစ်ဦးက (၁၅)ကြိမ်မြောက် ပန်းပွဲတော် ကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ကလိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့ရှိ ကလေးပြုစုရေးဌာနနှင့် လူငယ်သင်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ကလေးပြုစုရေးဌာနသို့ ရောက်ရှိကြပြီး ဌာနမှစောင့်ရှောက်ထားရှိသော ကလေးသူငယ် ၃၃ ဦးအား စောင့်ရှောက်ပေးနေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ကြီးလူငယ်သင်တန်းကျောင်းသို့ ရောက်ရှိခဲ့ပြီး လူငယ်သင်တန်းကျောင်း ဧရိယာအတွင်း၌ ပြန်လည်ထူထောင်ရေးဦးစီးဌာနအတွက် ရွေးချယ်သတ်မှတ်ပေးထားသည့်မြေနေရာ၊ တစ်သျှူးငှက်ပျောစိုက်ခင်းများ စိုက်ပျိုးထားရှိမှုနှင့် သင်တန်းသားအိပ်ဆောင် ဆောက်လုပ်ရန် လျာထားမြေနေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုသိမ်ကြီးလူငယ်သင်တန်းကျောင်း တာဝန်ခံကျောင်းအုပ်က သင်တန်းသား ၂၉၉ ဦးအား စောင့်ရှောက်ပေးမှုကို ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယဝန်ကြီးက ကျောင်း၏လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်၊ သင်တန်းသားအချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် လျာထားဆောင်ရွက်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ဆရာဝန်များကို စေတနာ့ဝန်ထမ်း အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ရေး ဆောင်ရွက်ရန်၊ ဝန်ထမ်းများ အနေဖြင့် သင်တန်းသားများအပေါ် စိတ်ရင်းစေတနာကောင်းဖြင့် ဝန်ဆောင်မှုများပေးနိုင်ရေး ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားနေသော သင်တန်းသားများ၊ အစည်းအဝေးခန်းမ၌ တိုင်းလူမှုဝန်ထမ်းရုံး၊ ဌာနငယ်/သင်တန်းကျောင်းများ၊ မူလတန်းကြိုကျောင်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မန္တလေးလူငယ် သင်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ဒုတိယညွှန်ကြားရေးမှူး ဦးသီဟအောင်က သင်တန်းသား ၃၈၄ဦး စောင့်ရှောက်ထားမှု၊ မူလတန်းကြိုကျောင်းများရှိ ကျောင်းအုပ်ကြီးများက မူကြိုကျောင်းများအလိုက် ဖြည့်ဆည်းပေးရန်



လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သင်တန်းသားအိပ်ဆောင်များ၊ ထမင်းစားဆောင်နှင့် နေ့လယ်စာကျွေးမွေးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အသက်မွေးဝမ်းကျောင်းပညာ သင်ကြားနေသော သင်တန်းသားများကို တွေ့ဆုံအားပေးနှစ်သိမ့်ကာ သင်တန်းကျောင်း စည်းကမ်းများနှင့်အညီ လိမ္မာယဉ်ကျေးစွာ နေထိုင်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေး မူလတန်းကြိုကျောင်း အမှတ်(၁)နှင့် အမှတ်(၂)တို့သို့ သွားရောက်ပြီး ကလေးငယ်များအတွက် နေ့လယ်ပိုင်း ဖြည့်စွက်စာကျွေးမွေးရန် ပြင်ဆင်ထားရှိမှု၊ ကလေးသူငယ်များ လွတ်လပ်လုံခြုံစွာကစားနိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း




**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၄ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အလှူငွေကျပ် သိန်း ၁၅၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (နေပြည်တော်)က ငွေကျပ် ၁၀ သိန်း၊ သီပေါမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၁၅၀၀၀၀၊ နေပြည်တော် စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း(ကိုထွန်း-ကျယ်ဂေါင်)၊ ဦးလှကြည်-ဒေါ်မြင့်မြင့် (နွယ်မာဉာဏ်မိသားစု) နေပြည်တော်၊ သာကေတမြို့နယ် စာရေးဆရာအသင်း၊ ကြို့ပင်ကောက်မြို့နယ် စာရေးဆရာအသင်း၊ တာချီလိတ်မြို့နယ် စာရေးဆရာအသင်း၊ ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်းနှင့် ဒလမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် တစ်သိန်းစီ၊ ဓနုဖြူမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၇၀၀၀၀၊ အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၆၀၀၀၀၊ ရေကြည်မြို့နယ် စာရေးဆရာအသင်း၊ လယ်ဝေးမြို့နယ် စာရေးဆရာအသင်း၊ ပုဗ္ဗသီရိမြို့နယ် စာရေးဆရာအသင်းနှင့် ပုဏ္ဏားကျွန်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ၅၀၀၀၀ စီ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်မောင်ဦး(ကြို့ပင်ကောက်တင်မောင်ဦး)နှင့် သံဖြူဇရပ်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ၃၀၀၀၀ စီ၊ စာရေးဆရာ လင်းညို့သွေးက ငွေကျပ် ၁၀၀၀၀ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ဘာမျှော်လင့်ချက်မှမရှိဘဲ ကျေးဇူးဆပ်ချင်တဲ့စိတ်နဲ့ပဲ တပ်မတော်အပေါ်စေတနာထားခဲ့တယ်။ အခုလို ဘွဲ့ထူး၊ ဂုဏ်ထူးချီးမြှင့်မယ်လို့လည်း မမျှော်မှန်းခဲ့ဘူး။ အခုလိုရရှိတဲ့အတွက် ဝမ်းလည်းသာတယ်၊ ဂုဏ်လည်းယူတယ်

ဦးမြသိန်းဟန်

တွေ့ဆုံမေးမြန်း - ညိမ်းသူ (သတင်းစဉ်)
ဓာတ်ပုံ - ကနူး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၁၁/၂၀၂၂ ဖြင့် နယ်ပယ်အသီးသီးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသောပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်ခဲ့သည်။ အဆိုပါဘွဲ့၊ တံဆိပ်များ ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်အချို့၏ ဝမ်းမြောက်စကားသံများကို မြန်မာ့သတင်းစဉ်က စုစည်းဖော်ပြလိုက်ပါသည်။**


ဦးမြသိန်းဟန်


ဒေါက်တာစန်းဝင်း



ဦးအောင်ခိုင်

**ဦးမြသိန်းဟန်(သိပ္ပကျော်စွာဘွဲ့)**
**ပါမောက္ခဒေါက်တာမြသိန်းဟန်-ဗိုလ်မှူးချုပ်(ငြိမ်း)**

တပ်မတော်ကိုဝင်တဲ့ ရည်ရွယ်ချက်က နိုင်ငံတော်နဲ့တပ်မတော်အတွက် တစ်သက်တာမှာ တပ်မတော်က အလိုရှိသမျှကာလပတ်လုံး စွမ်းဆောင်မယ်ဆိုတဲ့ ခံယူချက်နဲ့ ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ တပ်ထဲဝင်ပြီး မကြာခင်ဘဲ FRCS ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ရခဲ့ပြီးတော့ စင်ကာပူမှာစစ်တဲ့ စာမေးပွဲကိုလည်း တစ်ခါတည်းအောင်မြင်ခဲ့တယ်။ ပြီးတော့ အင်္ဂလန်မှာစစ်တဲ့ FRCS စာမေးပွဲကိုလည်း အောင်ခဲ့တယ်။ နှစ်နှစ်အကြာမှာ ပထမတန်းခွဲစိတ်ပါရဂူအနေနဲ့ တာဝန်ထမ်းဆောင်ရတယ်။ လားရှိုးမှာဖွင့်လှစ်တဲ့ အမှတ်(၁) စစ်မြေပြင်စစ်ဆေးရုံမှာ တာဝန်ထမ်းဆောင်ရတယ်။ တိုင်းပြည်နဲ့ လူမျိုးအတွက် တာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်သားတွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြုစုကုသမယ်ဆိုတဲ့ စေတနာအရင်းခံနဲ့ ထမ်းဆောင်တဲ့အခါ လူကြီးများကလည်း အသိအမှတ်ပြုပါတယ်။ ဆေးပညာတွေဆက်လက်လေ့လာသင်ယူနိုင်အောင် စင်ကာပူနဲ့ ဂျပန်နိုင်ငံကို သွားရောက်ခဲ့ရတယ်။ အဲဒီအချိန်က တပ်မတော်မှာ ဆရာဝန်နည်းတဲ့အတွက် ဘာပဲဖြစ်ဖြစ် အတတ်နိုင်ဆုံး ကျိုးစားခဲ့တယ်။

နောက်ပိုင်း တပ်မတော်စစ်ဆေးရုံကြီးရဲ့ တပ်မှူးဖြစ်လာတယ်။ ဗိုလ်မှူးချုပ်တာဝန်နဲ့ တပ်မတော်သူနာပြုလုပ်ငန်းတွေကို ဆက်လက်ထမ်းဆောင်ခဲ့တယ်။ မိမိဆေးတပ်ရဲ့ တိုးတက်ရာတိုးတက်ကြောင်းကို နိုင်ငံတော်ရဲ့ ပံ့ပိုးမှုပါသလို ကိုယ်တိုင်လည်းကြိုးစားပြီး စေတနာရှင်တွေကို ဆွဲဆောင်ပြီး အူနဲ့ အဆုတ်ထဲကို ကြည့်ရှုလို့ရတဲ့ အင်ဒိုစကုပ်တွေ ရခဲ့တဲ့အတွက် လူနာတွေရဲ့ အသက်ကို ကယ်ဆယ်နိုင်ခဲ့တယ်။ တပ်မတော်မှာ ကျောက်ကပ်အစားထိုးကုသတာကို မြန်မာပြည်မှာ ပထမဆုံးဖြစ်လာအောင် စီစဉ်နိုင်ခဲ့တယ်။ တပ်မတော် နှလုံးခွဲစိတ်မှုဆိုင်ရာ ဖြစ်လာအောင် အတတ်နိုင်ဆုံးစီမံနိုင်ခဲ့တယ်။ ကျောက်ကပ်အစားထိုးကုသမှုကို အရပ်ဘက်နဲ့ ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ ပထမဆုံးအောင်မြင်မှုကို ရခဲ့တယ်။ ကျောက်ကပ်အစားထိုးမှုမှာ ငါးဦးကို အောင်မြင်ခဲ့ပြီး တစ်ဦးက ခန္ဓာကိုယ်က Reject ဖြစ်တဲ့အတွက် ပြန်ထုတ်ခဲ့ရတယ်။ ပါရဂူဘဝမှာ ဌာနအတွက်ပဲ အဓိကထားလုပ်ဆောင်ရပေမယ့် တပ်မှူးဖြစ်လာတဲ့အခါမှာ တပ်တစ်တပ်လုံးရဲ့ ဌာနတွေကောင်းအောင် လုပ်ခဲ့ရတယ်။ ဒါရိုက်တာဖြစ်လာတော့ ဆေးတပ်ဖွဲ့အားလုံးအတွက် ကြိုးစားပြီးလုပ်ခဲ့တယ်။ ဆေးသိပ္ပံ(၂)မှာလည်း ဂုဏ်ထူးဆောင်ကထိက၊ ပါမောက္ခ၊ ဌာနမှူးအနေနဲ့လည်း ထမ်းဆောင်ခဲ့တယ်။ တပ်မတော်ဆေးတက္ကသိုလ်ရဲ့ ပထမဆုံး ပါမောက္ခချုပ် ကျောင်းအုပ်ကြီးအနေနဲ့လည်း စာသင်ရင်း တာဝန်ထမ်းဆောင်ခဲ့တယ်။ ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ရွာအလွန် ကန်လေးရွာဇာတိပါ။ ရထားမရှိ၊ ကားလမ်းမရှိတဲ့ အဲဒီလိုကျေးရွာလေးက လူတစ်ယောက်ကို နိုင်ငံတော်ရဲ့ ပံ့ပိုးမှုကြောင့် စကောလားရှစ်နဲ့ တပ်မတော်ဆရာဝန်ဖြစ်လာတဲ့အတွက် ဒီကျေးဇူးကိုအမြဲတမ်းဆပ်ချင်ခဲ့တယ်။ ဘာမျှော်လင့်ချက်မှ မရှိဘဲ ကျေးဇူးဆပ်ချင်တဲ့စိတ်နဲ့ပဲ တပ်မတော်အပေါ်စေတနာထားခဲ့တယ်။ အခုလို ဘွဲ့ထူး၊ ဂုဏ်ထူးချီးမြှင့်မယ်လို့လည်း မမျှော်မှန်းခဲ့ဘူး။ အခုလိုရရှိတဲ့အတွက် ဝမ်းလည်းသာတယ်၊ ဂုဏ်လည်းယူတယ်။ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာတွေကို အသိအမှတ်ပြုပြီး အတတ်ပညာပိုင်းဆိုင်ရာမှာ ထူးထူးကဲကဲ ဆောင်ရွက်ခဲ့မှုအပေါ် ပေးအပ်တဲ့အတွက် လူကြီးများအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော်လှုပ်ရှားနိုင်သမျှ ကာလပတ်လုံး တပ်မတော်နဲ့ နိုင်ငံတော်အတွက် အစွမ်းကုန်ဆောင်ရွက်ဖို့ ဆုံးဖြတ်ထားပါတယ်။

**ဒေါက်တာစန်းဝင်း(ဝဏ္ဏကျော်ထင်ဘွဲ့)**
**ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့်**
**စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

အခုလို နိုင်ငံတော်က (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့မှာ အမိန့်ကြော်ငြာစာ အမှတ်(၂၁၁)နဲ့ ဝဏ္ဏကျော်ထင်ဘွဲ့ချီးမြှင့်ခံရတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။ အခုလိုမမျှော်မှန်းထားဘဲ ဘွဲ့တံဆိပ်ရရှိမှုအပေါ် အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူဖြစ်ရပါတယ်။ မန္တလေးယဉ်ကျေးမှုတက္ကသိုလ်ပါမောက္ခချုပ်၊ နေပြည်တော်မှာလည်း ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နဲ့ စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှာ အငြိမ်းစားယူပါတယ်။ အဲဒီနောက်ပိုင်း မြန်မာနိုင်ငံမှာ ပထမဆုံး ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်အဖြစ် စာရင်းတင်သွင်းနိုင်ရေးကို ကြိုးစားတဲ့အခါ ဦးဆောင်ကော်မတီဝင်နဲ့ ပညာရှင်များအဖွဲ့မှာ ပါဝင်ခဲ့ပါတယ်။ ဒါ့အပြင် ယူနက်စကိုကို ပျူသုံးမြို့ကမ္ဘာ့အမွေအနှစ်ဖြစ်ဖို့အတွက် အဆိုပြုတင်သွင်းတဲ့ အသင်းရဲ့ဥက္ကဋ္ဌအဖြစ်လည်း ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်အဖြစ် ပထမဆုံး သတ်မှတ်ခံခဲ့ရပါတယ်။ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းဖို့အတွက် ၂၀၁၅ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်ခဲ့တယ်။ ၂၀၁၇ ခုနှစ်မှာလည်း ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်တဲ့ မြန်မာ့စွယ်စုံကျမ်း (၁၅)တွဲကို အချက်အလက်တွေထပ်မံဖြည့်ဆည်းပြီး အသစ်ပြန်လည် ပုံနှိပ်ထုတ်ဝေနိုင်အောင် ဆောင်ရွက်ခဲ့တယ်။ အထွေထွေအတွင်းရေးမှူးအဖြစ် လေးနှစ် ဆောင်ရွက်ခဲ့တာပါ။ NGO အသင်းတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းမှာလည်း ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် မိမိသိထားတဲ့အသိပညာတွေကို မျှဝေအကျိုးပြုနေပါတယ်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရတဲ့ကာလကနေ ၁၉၆၂ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ ၁၉၈၈ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကာလ၊ ၁၉၉၇ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီကာလအဆက်ဆက်မှာ ဆောင်ရွက်ခဲ့ကြတဲ့ လူကြီးတွေကို စွမ်းဆောင်ရည်ဘွဲ့တွေဖြစ်တဲ့ သင်္ဂဟဘွဲ့နဲ့ ဂုဏ်ထူးဆောင်ဘွဲ့တွေချီးမြှင့်ပြီးတော့ အချို့ဆိုရင် မရှိကြတော့ပေမယ့် ဘွဲ့များကို ချီးမြှင့်တာဟာ အထူးလေးစားဂုဏ်ယူစရာပါ။ နိုင်ငံတော်အနေနဲ့ အစဉ်အဆက် နိုင်ငံတော်ကြီးကို စုစည်းပျိုးထောင်ခဲ့တဲ့၊ ယနေ့အထိ မြန်မာရယ်လို့ အာရှမှာ၊ ကမ္ဘာမှာ ခိုင်ခိုင်မာမာရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးစားခဲ့တဲ့ လူကြီးတွေရဲ့ကျေးဇူးနဲ့ ဂုဏ်ရည်ကိုမမေ့ဘူး။ မမေ့တဲ့အတွက် အသိအမှတ်ပြုတယ်လို့ သဘောသက်ဝင်ပါတယ်။ ဒါကြောင့် ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်အပ်နှင်းတာဟာ ကာယကံရှင်တွေအတွက် ဂုဏ်ယူစရာ၊ မိသားစုတွေလည်း ဂုဏ်ယူစရာဖြစ်တာကြောင့် နိုင်ငံ့ဝန်ထမ်းများအနေနဲ့ အတုယူပြီး နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းကနေ ကြိုးစားပေးနိုင်ကြမယ်လို့ မျှော်လင့်ပါတယ်။ အခုလို ရရှိခဲ့တဲ့ဘွဲ့ထူး၊ဂုဏ်ထူးဟာ ပထမဆုံးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ လှိုက်လှိုက်လှဲလှဲကို ဂုဏ်ယူပါတယ်။

**ဦးအောင်ခိုင်(သရုပ်ဆောင်)**
**အနုပညာထူးချွန် ဒုတိယဆင့်**

ကိုယ်တတ်ကျွမ်းတဲ့ အနုပညာနဲ့ ကျေးဇူးရှင်ဆရာသမားတွေရဲ့ ကူညီပံ့ပိုးမှုကြောင့် ဒီနေ့ထိအောင် ဒီလောကမှာ ရပ်တည်နေနိုင်ခဲ့တယ်။ ဒါကိုအသိအမှတ်ပြုပေးခဲ့တဲ့ နိုင်ငံတော်တာဝန်ရှိတဲ့ လူကြီးတွေကိုလည်း တကယ်ပဲကျေးဇူးတင်ပါတယ်။ ဦးအောင်ခိုင်တို့ ဘယ်လိုမှမမျှော်လင့်တဲ့ မျှော်လင့်မထားတဲ့ဆု ဒုတိယဆင့်နဲ့ တတိယဆင့်ကို ဦးအောင်ခိုင်တို့ ဇနီးမောင်နှံနှစ်ယောက်လုံးကို တစ်နှစ်ထဲမှာ တစ်ပြိုင်တည်း ချီးမြှင့်ခံရတဲ့အတွက် တကယ့်ကို ပီတိဖြစ်ပါတယ်။ ဘယ်လိုပြောရမလဲဆိုတော့ ကြားကြားချင်းတော့ မယုံပါဘူး။ ဘာလို့ဆိုတော့ ဦးအောင်ခိုင်တို့သည် ဇာတ်ပို့၊ ဇာတ်ရန်အလွှာမှာ supporting character နဲ့ အလုပ်လုပ်နေရတဲ့သူတွေဖြစ်တယ်။ အန်တီဝါလည်း အတူတူပဲ။ အသံကြားတဲ့အချိန်မှာတော့ မယုံသေးပါဘူး။ ဒါပေမဲ့ နောက်ပိုင်းကျတော့ သတင်းတွေထဲမှာ ပါလာတဲ့အခါ ဘယ်လိုပြောရမှန်းတောင် မသိပါဘူး။ ဒါကတော့ ခံစားဖူးတဲ့သူတိုင်း သိကြပါလိမ့်မယ်။ အဲဒီပီတိကိုတော့ ဘယ်လိုထုတ်ပြောရမှန်းကို မသိအောင် တကယ်ကို ကြည်နူးဝမ်းသာရပါတယ်။

## မိတ္ထီလာမြို့မဈေးကြီး၌ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ



မိတ္ထီလာ နိုဝင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး အတွင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲကို ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲတွင် ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မဈေးကြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဈေးရုံများတွင်မီးလောင်ကျွမ်းမှုဖြစ်ပေါ်ပါက မီးသတ်ရေယာဉ်များမှ မီးသတ်ရေပိုက်များဖြင့် မီးငြိမ်းသတ်နည်းများနှင့် မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်းများ လက်တွေ့သရုပ်ပြခြင်း ဆောင်ရွက်သည်။ မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြရာနေရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ အဖွဲ့ဝင်ဦးကျော်ဇေယျ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်ထွဋ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။ ထို့နောက် မြို့မဈေး၊ ဗဟိုဈေးကြီးနှင့် ပိတောက်မြိုင်ဈေးများအတွင်းရှိ မီးသတ်ရေငုတ်များ၊ မီးသတ်စက်ရုံများနှင့် မီးငြိမ်းသတ်ရေး ရေလှောင်ကန်များ အဆင်သင့်ရှိစေရန် ပြင်ဆင် ဆောင်ရွက်ထားမှုအခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအဖွဲ့က လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

# စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီ၏ (၁၀/၂၀၂၂) ကြိမ်မြောက်အစည်းအဝေး ကျင်းပ

မုံရွာ နိုဝင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထင်ရှားသည့် ခရီးစဉ်ဒေသများသို့ ပြည်တွင်း/ပြည်ပခရီးသွားများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်လည်ပတ်ကာ အလှူအသီးသီးမှ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ဝင်ငွေရရှိစေရေး ရည်ရွယ်၍ တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏(၁၀/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများအား QR Code များထပ်မံပြုလုပ်ပြီး အများပြည်သူသိရှိအောင် ဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးကော်မတီဝင်များအနေဖြင့် မိမိတို့၏ဘိုးဘွားအမွေအနှစ် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်များကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြရန်နှင့် ဒေသခံပြည်သူလူထုအကျိုးရှိစေမည့် လုပ်ငန်းများကို လုပ်ဆောင်ရင်း ခရီးသွားလုပ်ငန်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက ဒေသဆိုင်ရာခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်စိန်က ခရီးသွားလုပ်ငန်းကော်မတီ (၁၀/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးတွင် ဟိုတယ်လုပ်ငန်းလိုင်စင်အသစ် ခွင့်ပြုရေးနှင့် ခရီးလှည့်လည်ရေးကုမ္ပဏီလိုင်စင်အသစ် ခွင့်ပြုရေး၊ တည်းခိုရိပ်သာ သက်တမ်းတိုးခွင့်ပြုရေး၊ အောက်တိုဘာလအတွင်း ခရီးသွားဝင်ရောက်မှု အခြေအနေနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကိစ္စရပ်များ၊ ခရီးသွားဝင်ရောက်မှု၊ ခရီးသွားဒေသများဝန်းကျင်တွင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးအခြေအနေများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေး တင်ပြချက်များအပေါ် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ခရီးသွားဇုန်ခြောက်ဇုန်တွင် ဧည့်သည်ဝင်ရောက်မှုအနေဖြင့် ပြည်တွင်းခရီးသွား ၈၂၃၁၃ ဦး၊ ပြည်ပခရီးသွား ၁၁၈၀ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်တိုက်ဆိုင်စစ်ဆေးနေမှုများ ကြည့်ရှုအားပေး

ပုသိမ် နိုဝင်ဘာ ၃၀

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမဲစာရင်းရလဒ် မှန်ကန်စေရေးအတွက် မြေပြင်နှင့်ပုံစံ(၆၆/၆) အိမ်ထောင်စုလူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက သွားရောက်ကြည့်ရှုအားပေးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့ အမှတ်(၂)နယ်မြေ အုန်းတောရပ်ကွက်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများနှင့် ဆက်စပ်ဌာနများက ပူးပေါင်း၍ မြေပြင်စာရင်း တိုက်ဆိုင်စစ်ဆေးဆောင်ရွက်လျက်ရှိရာသို့ ရောက်ရှိပြီး e-ID စနစ်အတွင်း မှတ်ပုံတင်ထည့်သွင်းထားသော အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆)အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၌ပါရှိသော အချက်များ ကိုက်ညီမှန်ကန်မှုမရှိပါက သက်ဆိုင်ရာ လဝကရုံးသို့ သွားရောက်ဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနအနေဖြင့်လည်း အမြန်ဆုံးကူညီဆောင်ရွက်ပေးရန် လိုကြောင်း၊ ကောက်ယူပြုစုထားသည့်စာရင်း မှန်ကန်မှသာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရန်အတွက် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မည်ဖြစ်ကြောင်း၊ ယခုပဏာမ မြေပြင်တိုက်ဆိုင်စစ်ဆေးမှုအရ တွေ့ရှိရသည့် အခက်အခဲများကို သက်ဆိုင်ရာဌာနများက ပေါင်းစပ်၍ ဖြေရှင်းဆောင်ရွက်ပေးကြရန် မှာကြားသည်။



ထို့နောက် နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက်အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းဒေသကြီးအသင်း ဖွဲ့စည်းနိုင်ရေးအတွက် ခြေစမ်းဘောလုံးပြိုင်ပွဲအား ယနေ့ညနေပိုင်းက ကိုးသိန်းဘောလုံးအားကစားကွင်း၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပျဉ်းမနားမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကျင်းပ

ပျဉ်းမနား နိုဝင်ဘာ ၃၀

နေပြည်တော်ကောင်စီအဖွဲ့ဝင်(၂) ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် အတွင်းရှိကျေးရွာများ၌ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု(One Village One Product– OVOP) လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လဲလူးအိုင်ကျေးရွာမှ ဆန်ကောဆန်ခါ ရက်လုပ်သူများ၊ သနပ်ပင်ဆိပ်ကျေးရွာမှ တံမြက်စည်းလုပ်ငန်း လုပ်ကိုင်သူများ၊ ကျွန်းဦးကျေးရွာမှ ပဲကြော်ပဲလှော်လုပ်ငန်း လုပ်ကိုင်သူများနှင့် ယနေ့မွန်းလွဲပိုင်းက လဲလူးအိုင်ကျေးရွာ၌ တွေ့ဆုံသည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီဝင်က ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု (OVOP)လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ကွင်းဆင်းလာခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန် အများဆုံးထွက်ရှိသည့် ကျေးရွာများကို ရွေးချယ်ပြီး ဦးစားပေးဆောင်ရွက်စေလိုခြင်း ဖြစ်ကြောင်း၊ ရွာသူရွာသားများ လုပ်ကိုင်ချင်သည့်လုပ်ငန်းများကို တင်ပြသွားရန်ဖြစ်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် သက်ဆိုင်ရာဌာနများမှ တိုင်းဒေသကြီး ဦးစီးမှူးများကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ ရွာသူရွာသားများ ဝင်ငွေပုံမှန်ရရှိပြီး စားဝတ်နေရေးအဆင်ပြေစေရန် ရည်ရွယ်ခြင်းဖြစ်သည့်အတွက် ရွာသူရွာသားများ၏ လုပ်ကိုင်လိုသည့် ဆန္ဒအရ ဖြစ်နိုင်မှုရှိသည်များကို ဦးစားပေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးယာများကိုလည်း အပြည့်အဝအသုံးချစေချင်ကြောင်း၊ မိုးကောင်းသောက်ဆည်ရေသောက်များဖြင့် တစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစားအထိ စိုက်ပျိုးနိုင်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရာတွင်လည်း သဘာဝမြေဩဇာကို အသုံးပြုရန် လိုအပ်ကြောင်း၊ ကျေးရွာတိုင်းကို စံပြကျေးရွာများဖြစ်စေချင်ကြောင်း၊ သို့မှသာ ဖွံ့ဖြိုးသည့်ကျေးရွာများဖြစ်လာပြီး နိုင်ငံလည်း ဖွံ့ဖြိုးမှုထောက်တိုင် ခိုင်မာလာမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက လဲလူးအိုင်ကျေးရွာတွင် လုပ်ကိုင်လျက်ရှိသော ဆန်ကောဆန်ခါ ရက်လုပ်သည့်လုပ်ငန်းမှ တစ်ဆင့်မြှင့်၍ ဝါးလက်မှုပညာတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ရန်အတွက် နည်းပညာနှင့်စက်ကိရိယာပစ္စည်းများ ကူညီထောက်ပံ့ပေးမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးကသမဝါယမအသင်းဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေကို လည်းကောင်း၊ သစ်တောဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ဝါးစိုက်ပျိုးလုပ်ကိုင်နိုင်မည့် အခြေအနေများကို လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက မြစိမ်းရောင်ချေးငွေ ထုတ်ချေးပေးနိုင်မှု အခြေအနေကို လည်းကောင်း၊ ကျေးလက်လမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနတို့က ငလိုက်မြောင်းပေါင် လမ်းခင်းမည့်အခြေအနေကို လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက စိုက်ပျိုးရေယာများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ရွာသူရွာသားများက လိုအပ်ချက်များနှင့် လုပ်ကိုင်လိုသည့် ဆန္ဒများအား တင်ပြကြရာ နေပြည်တော်ကောင်စီဝင်က ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တရုတ်သမ္မတဟောင်းကျန်ဇီမင်း ကွယ်လွန်



**ပေကျင်း နိုဝင်ဘာ ၃၀**

အသက် ၉၆ နှစ်ရှိပြီဖြစ်သည့် တရုတ်သမ္မတဟောင်း ကျန်ဇီမင်းသည် သွေးကင်ဆာရောဂါဖြင့် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁၂ နာရီ ၁၃ မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရသည်။

သမ္မတဟောင်းကျန်ဇီမင်း ကွယ်လွန်ကြောင်း ကြေညာချက်အား တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ တရုတ်ပြည်သူ့အမျိုးသားကွန်ဂရက်အမြဲတမ်းကော်မတီ၊ တရုတ်နိုင်ငံတော်ကောင်စီ၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုစစ်ကော်မရှင်တို့က အသီးသီး ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါကြေညာချက်တွင် သမ္မတဟောင်းကျန်ဇီမင်း ကွယ်လွန်ခြင်းအတွက် တရုတ်ကွန်မြူနစ်ပါတီ၊ တရုတ်တပ်မတော်နှင့် တရုတ်နိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုများက အထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် တရုတ်ပြည်သူတစ်ရပ်လုံး ချစ်ခင်ရသည့် ရဲဘော်ရဲဘက် ကျန်ဇီမင်းသည် ဆေးကုသမှုခံယူခဲ့သော်လည်း သွေးကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့ကြောင်း ဖော်ပြထားသည်။

ရဲဘော်ရဲဘက် ကျန်ဇီမင်းသည် ထူးချွန်သည့်အဖိုးတန်နိုင်ငံ့ခေါင်းဆောင်တစ်ဦးအဖြစ် တရုတ်ကွန်မြူနစ်ပါတီ၊ တရုတ်တပ်မတော်နှင့် တရုတ်နိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုများက ရိုသေလေးစားရသူဖြစ်သည့်အပြင် စစ်နည်းဗျူဟာချမှတ်သူ သံတမန်ကောင်းတစ်ဦးအဖြစ်ရပ်တည်ခဲ့သူဖြစ်ကြောင်းနှင့် ဆိုရှယ်လစ်စနစ်အား တရုတ်လူနေမှုစနစ်နှင့်ကိုက်ညီအောင် ဆောင်ရွက်ခဲ့သူဖြစ်ကြောင်း အဆိုပါကြေညာချက်တွင်ရေးသားဖော်ပြထားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံက ယခုနှစ်အတွင်း နိုင်ငံတကာခရီးသည် ၁ ဒသမ ၅၇ သန်းကို ဆွဲဆောင်နိုင်ခဲ့



**ဖနောင်ပင် နိုဝင်ဘာ ၃၀**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ် ပထမ ၁၀ လအတွင်း နိုင်ငံတကာ ခရီးသည် ၁ ဒသမ ၅၇ သန်းကို ဆွဲဆောင်နိုင်ခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ ယနေ့ ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်များအနက် ထိုင်းနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှုဇယားတွင် ထိပ်ဆုံးမှ ရပ်တည်ခဲ့ကြောင်း အဆိုပါ အစီရင်ခံစာတွင် ပါရှိသည်။

ခရီးသည် ၃၅ ဒသမ ၅ ရာခိုင်နှုန်းသည် ကမ္ဘောဒီးယားနိုင်ငံသို့ လေကြောင်းဖြင့် ဝင်ရောက်ကာ ၆၃ ဒသမ ၈ ရာခိုင်နှုန်းသည် ကုန်းကြောင်းနှင့် သုည ဒသမ ၇ ရာခိုင်နှုန်းသည် ရေလမ်းကြောင်းဖြင့် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါကိန်းဂဏန်းများကို အခြေခံပြီး ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ် တစ်နှစ်တာအတွင်း နိုင်ငံတကာ ခရီးသွားဧည့်သည်နှစ်သန်းအထိလာရောက်ရန် မျှော်မှန်းထားကြောင်း ကမ္ဘောဒီးယားခရီးသွားဝန်ကြီး သွန်ခွန်က ပြောသည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို ပံ့ပိုးပေးသည့် အဓိက မဏ္ဍိုင်ကြီးလေးခုအနက်တစ်ခု ဖြစ်သည်။

၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ရောဂါအကြိုကာလတွင် ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံတကာခရီးသွား ၆ ဒသမ ၆ သန်းရရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၂ ဘီလီယံခန့် ဝင်ငွေရရှိခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ Siem Reap ပြည်နယ်ရှိ Angkor ရှေးဟောင်းသုတေသနဥယျာဉ်၊ Preah Vihear ပြည်နယ်ရှိ Preah Vihear Temple နှင့် Kampong Thom ပြည်နယ် Sambor Prei Kuk ရှေးဟောင်းသုတေသနနေရာတို့သည် ခရီးသွားအများအပြား ကြိုက်နှစ်သက်သည့် ထင်ရှားသော နေရာများဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၁ ဦးထပ်မံသေဆုံး

**မနီလာ နိုဝင်ဘာ ၃၀**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၁ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၆၄၁ ဦး ရှိလာကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၃၂၆ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၃၃၆၈၂ ဦး ရှိလာကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၀၄၃ ဦး ရှိပြီး ရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၀၆ ဦးသည် မြို့တော်မနီလာမှ ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှု အရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၇ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၃ ဒသမ ၆ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**



# ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံ၏ ပြည်ပကုန်သွယ်မှုတန်ဖိုး ၁၁ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့

**ဟနွိုင်း နိုဝင်ဘာ ၃၀**

ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံ၏ ပြည်ပကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆၇၃ ဒသမ ၈၂ ဘီလီယံ ရှိခဲ့ကြောင်းနှင့် ၁၁ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံဗဟိုစာရင်းအင်းရုံး၏ ပြောကြားချက်အရသိရသည်။

ထို့ပြင်နိုင်ငံအတွင်းပြည်ပပို့ကုန်မှ အခွန်ငွေ အမေရိကန်ဒေါ်လာ ၃၄၂ ဒသမ ၂၁ ဘီလီယံရရှိခဲ့ပြီး သွင်းကုန်မှ အခွန်ငွေ အမေရိကန်ဒေါ်လာ ၃၃၁ ဒသမ ၆၁ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံသို့ သွင်းကုန်တင်သွင်းမှုအများဆုံးနိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအများဆုံးနိုင်ငံဖြစ်ကြောင်းသိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၀၈၈ ဦးထပ်မံတွေ့ရှိ

**မော်စကို နိုဝင်ဘာ ၃၀**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၀၈၈ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၁၅၉၀၈၂၈ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက နိုဝင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။



ထို့ပြင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၅၉ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၉၂၀၀၂ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၅၅၇ ဦး ထပ်တိုးလာခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၀၉၉၇၇၁၀ ရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံး ဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၀၅ ဦးထပ်မံတွေ့ရှိခြင်းကြောင့် မြို့တော်မော်စကို၌ ရောဂါကူးစက်ခံရသူပေါင်း ၃၂၅၆၈၂၃ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များ ၎င်း၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၃၀

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်လည်း မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပဒါန်းတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့ အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်မည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်း တစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်

နေပြည်တော် နိုဝင်ဘာ ၃၀

ကရင်ပြည်နယ်အတွင်းရှိ ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်တို့အား KNU၊ KNLA မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ၂၀၂၂ မေလမှ စတင်ထိန်းချုပ်၍ အဆိုပါဒေသတစ်ဝိုက်ရှိ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများအတွင်း ဝင်ရောက်နေထိုင်ကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသဖြင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

အဆိုပါဒေသတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများအား ပြန်လည်နေထိုင်နိုင်ရေးအတွက် တယ်လီဖုန်းများဖြင့် လည်းကောင်း၊ အသံချဲ့စက်များဖြင့် မြန်မာဘာသာ၊ ကရင်ဘာသာစကားများဖြင့်လည်းကောင်း ပြန်လည်ဖိတ်ခေါ်ခြင်းနှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးမှုများကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများ ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့တွင် သေဘောထိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာများသို့ အမျိုးသား ၅၄ ဦး၊ အမျိုးသမီး ၆၄ ဦး စုစုပေါင်း ၁၁၈ ဦး ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက နေ့ညမပျက် ပြန်လည်ကြိုဆို၍ စနစ်တကျလက်ခံလျက်ရှိပြီး လိုအပ်သည်များ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အင်းတော်မြို့မရဲစခန်းအား PDF အမည်ခံအကြမ်းဖက်သမားများက ၄၀ မမ ဗုံးပစ်လောင်ချာများဖြင့် ရမ်းသမ်းပစ်ခတ်ရာ ဗုံးသီးများမှာ ရဲစခန်းအနီး လူနေရပ်ကွက်များအတွင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီးခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် နိုဝင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့မရဲစခန်းအား PDF အမည်ခံ အကြမ်းဖက်သမားများက နိုဝင်ဘာ ၂၉ ရက် ညနေပိုင်းတွင် ၄၀ မမ ဗုံးပစ်လောင်ချာများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့သဖြင့် ၄၀ မမဗုံးသီးများမှာ ရဲစခန်းအနီး လူနေရပ်ကွက်များအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့အရပ်သား ပြည်သူအမျိုးသမီး ခုနစ်ဦးထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ပစ်ခတ်တိုက်ခိုက်**

ဖြစ်စဉ်မှာ နိုဝင်ဘာလ ၂၉ ရက် ညနေ ၄ နာရီတွင် အင်းတော်မြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ အင်းတော်မြို့မရဲစခန်းအား PDF အမည်ခံအကြမ်းဖက်သမားများက ရဲစခန်း၏မြောက်ဘက် ၄ ဖာလုံခန့်အကွာရှိ ဗန်းမောက်လမ်းဆုံဘက်မှနေ၍ ၄၀ မမ ဗုံးပစ်လောင်ချာများဖြင့် ရမ်းသန်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများသည် သက္ကယ်ကျင်းကျေးရွာဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အကြမ်းဖက်သမားများ၏ ဗုံးပစ်လောင်ချာများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် ဗုံးသီးများမှာ ရဲစခန်းအနီး လူနေရပ်ကွက်များအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများဖြစ်သည့် ဒေါ်စိန်ရင် (၅၀)နှစ်၊ ဒေါ်မိုးဥမ္မာကျော် (၄၇)နှစ်၊ ဒေါ်သဲကော(၃၂)နှစ်၊ ဒေါ်ဝါဝါခိုင်(၅၁)နှစ်၊ ဒေါ်မိမိငယ်(ခ)မငယ်(၄၃)နှစ်၊ ဒေါ်ခင်ထွေးစိန် (၃၇)နှစ်နှင့် ဒေါ်ကေသွယ်ဝင်း (၄၆)နှစ်တို့ ခုနစ်ဦးတို့တွင် မစိုးရိမ်ရ ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထိုကဲ့သို့ အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိအောင် ဗုံးပစ်လောင်ချာများဖြင့် ရမ်းသန်းပစ်ခတ်ပြီး ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ငါန်းဇွန်မြို့နယ်၌ "De Huse Company"မှ ကုမ္ပဏီဝန်ထမ်းများကို လုပ်အားခလစာထုတ်ပေးရန် YOMA Bank မှ ငွေကျပ်သိန်း ၁၇၆၀ ထည့်ထားသည့် ATM စက်နှစ်လုံးနှင့် မော်တော်ယာဉ်တစ်စီးတို့ PDF အကြမ်းဖက်သမားများက ဓားပြတိုက်လုယက်ယူဆောင်

နေပြည်တော် နိုဝင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး မြို့သာစက်မှုဇုန်ရှိ "De Huse Company"မှ ကုမ္ပဏီဝန်ထမ်းများကို လုပ်အားခလစာထုတ်ပေးရန် YOMA Bank မှ ငွေကျပ်သိန်း ၁၇၆၀ ထည့်ထားသည့် ATM စက်နှစ်လုံးနှင့် မော်တော်ယာဉ်တစ်စီးတို့ကို ငါန်းဇွန်မြို့နယ် ထန်းတပင်ကျေးရွာအနီး၌ ယနေ့နံနက်ပိုင်းတွင် PDF အကြမ်းဖက်သမားများက ဓားပြတိုက်လုယက်ယူဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက်၊ ၂၆ လမ်း၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြားရှိ YOMA BANK မှ ဘဏ်ဝန်ထမ်း ဦးကောင်းဆက်သူနှင့် ဦးထက်ပိုင်စိုးတို့နှစ်ဦးသည် မြို့သာစက်မှုဇုန်ရှိ "De Huse Company" မှ ကုမ္ပဏီဝန်ထမ်းများကို လုပ်အားခလစာများ ထုတ်ပေးနိုင်ရန်အတွက် ATM စက်တစ်လုံးလျှင် ငွေကျပ်သိန်း ၈၈၀ စီထည့်ထားသည့် ATM စက်နှစ်လုံးကို ဘဏ်မှယာဉ်မောင်းဖြစ်သူ ဦးသန်းဖြိုးအောင် မောင်းနှင်သည့် MDY 5R/9902 Diner Box မော်တော်ယာဉ်ပေါ်တင်ဆောင်ကာ မြို့သာ-တံတားဦးကားလမ်းအတိုင်း ထွက်ခွာလာခဲ့ရာ နံနက် ၈ နာရီခွဲတွင် ငါန်းဇွန်မြို့နယ် ထန်းတပင်ကျေးရွာ အနီးအရောက်၌ PDF အကြမ်းဖက်သမား ခြောက်ဦးက ဆိုင်ကယ်သုံးစီးဖြင့် လမ်းအားပိတ်ရပ်ကာ မော်တော်ယာဉ်ကို တားဆီးပြီး ဦးကောင်းဆက်သူတို့ သုံးဦးအား သေနတ်များဖြင့် ခြိမ်းခြောက်၍ ယာဉ်ပေါ်မှဆင်းခိုင်းကာ မော်တော်ယာဉ်နှင့် ငွေကျပ်သိန်း ၁၇၆၀ ပါ ATM စက်နှစ်လုံး ဓားပြတိုက်လုယက်ယူဆောင်သွားခဲ့ကြောင်း သိရသည်။

ထိုသို့ဓားပြတိုက် လုယက်ယူဆောင်သွားသော PDF အမည်ခံအကြမ်းဖက်သမားများကို ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစားရန်စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် နိုဝင်ဘာ ၃၀

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်များချမှတ်ခဲ့ကြောင်း သိရသည်။

နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညို အုပ်စု ထန်းတောရပ်ကွက်နေ မ---၂၉/၂၀ နှစ်အား တစ်မြို့တည်းနေ ရွှေမင်းသူ(ခ) ကိုစိုင်း(ခ) ဂျစ်တူး၊ ဒေါ်ပု(ခ) ဒေါ်ပုလေးနှင့် မခိုင်သိန်းဦး(ခ) သဲဦးတို့က ပါဆန်(ခ) ပန်ဆန်းမြို့တွင် အလုပ်ကောင်းကြောင်း၊ တစ်လလျှင်(၂/၃)သိန်း ကျပ်ခန့်ရရှိမည်ဖြစ်ကြောင်း လိမ်လည်စည်းရုံးပြောဆို၍ တရုတ်ပြည်သို့ ခေါ်ဆောင်သွားပြီး တရုတ်အမျိုးသားထံ အဝမ္မရောင်းစားခဲ့သဖြင့် တောင်ညိုနယ်မြေရဲစခန်း (ပ)၈၁/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ဥတ္တရခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ နိုဝင်ဘာ ၂၈ ရက်တွင် တရားခံ ရွှေမင်းသူ(ခ) ကိုစိုင်း(ခ) ဂျစ်တူးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ်(၁၅)နှစ် ကျခံစေရန်နှင့် တရားခံ ဒေါ်ပု(ခ) ဒေါ်ပုလေးနှင့် မခိုင်သိန်းဦး(ခ) သဲဦးတို့နှစ်ဦးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများမှ အပြစ်မဲ့ လျှပ်စစ်ဝန်ထမ်းတစ်ဦးအား လုပ်ကြံပစ်ခတ်ခဲ့မှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် အခြေခံအဆောက်အအုံများအား တိုက်ခိုက်ဖျက်ဆီးမှုအခြေအနေများအား သတင်းထုတ်ပြန်ခြင်း

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်

ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထုတ်လုပ်၊ ဖြန့်ဖြူးဆောင်ရွက်နေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည့် ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားလိုင်းများအား NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ကြံတိုက်ခိုက်ဖျက်ဆီးမှုများကြောင့် (၂၉-၁၁-၂၀၂၂) ရက်နေ့ ညနေပိုင်းတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်လျှပ်စစ်ရုံး၌ တာဝန်ထမ်းဆောင်လျက်ရှိသော မြို့နယ်လျှပ်စစ်အင်ဂျင်နီယာသည် နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း ကျိုက်ထိုမြို့၌ လုပ်ကြံပစ်ခတ်ခံခဲ့ရသဖြင့် အပြစ်မဲ့နိုင်ငံ့ဝန်ထမ်း တစ်ဦးအသက်ဆုံးရှုံးခဲ့ရခြင်း၊ (၂၈-၁၁-၂၀၂၂) ရက်နေ့တွင် ၂၃၀ ကေဗွီ ညောင်ပင်ကြီး-ချောင်းကူး မဟာဓာတ်အားလိုင်းအား လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် မြို့(၁၃)မြို့ ဓာတ်အားပြတ်တောက်ခဲ့ခြင်းနှင့် (၂၈-၁၁-၂၀၂၂) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ကျွန်းချောင်းရှိ (၂၀.၅၄)မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးအင်ဂျင်စက်ရုံမှ ဝန်ထမ်းများအား ခြိမ်းခြောက်ငွေတောင်းခံခဲ့ပြီး ငွေပေးသွင်းခြင်းမရှိပါက အသက်အန္တရာယ်အားခြိမ်းခြောက်ခဲ့သဖြင့် နိုင်ငံခြားသားဝန်ထမ်းများ ထွက်ခွာခဲ့ရကာ ဓာတ်အားပေးစက်ရုံအား ရပ်တန့်ခဲ့ရပြီး ဓာတ်အားထုတ်လုပ်မှု လျော့နည်းခဲ့ရခြင်းစသည့် ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ရပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ပြည်သူလူထုအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားများကို ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ မဟာဓာတ်အားလိုင်းများ၊ ဖြန့်ဖြူးရေးဓာတ်အားလိုင်းများအား ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်တည်ဆောက်ခြင်းများအား နေ့မအား ညမနား ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်၏ ရန်ပုံငွေဖြစ်သည့် လျှပ်စစ်ဓာတ်အားခများ ပြန်လည်ရရှိရေးအတွက် အချို့သော လျှပ်စစ်သုံးစွဲသူများမှ မိမိတို့သုံးစွဲမှုအတိုင်း ပြန်လည်ပေးဆောင်ခြင်းမရှိသည့် ဓာတ်အားခများကို လိုက်လံကောက်ခံခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိမှုများအပေါ် NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများသည် အများပြည်သူသို့ ဖြည့်ဆည်းပေးလျက်ရှိသည့် နိုင်ငံတော်၏ အခြေခံအဆောက်အအုံများအပေါ် ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းများအား လုပ်ကြံပစ်ခတ်မှုအနေဖြင့် (၂၄) ကြိမ်၊ ဓာတ်အားပေးစက်ရုံ၊ ခွဲရုံ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများသို့ ဝင်ရောက်ဖောက်ခွဲပစ်ခတ်ဖျက်ဆီးမှု (၂၀၉) ကြိမ်အပြင် အများပြည်သူသို့ ဖြန့်ဖြူးပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားလိုင်းများကို မိုင်းခွဲဖျက်ဆီးခဲ့မှုများအနေဖြင့် မဟာဓာတ်အားလိုင်းတာဝါ (၄၈) တိုင်နှင့် ဖြန့်ဖြူးရေးလိုင်း (၄၉) တိုင်တို့ကို အသီးသီးဖျက်ဆီးဖောက်ခွဲခဲ့သဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အား (၁၆၀) မဂ္ဂါဝပ်ခန့် လျော့နည်းခဲ့ကာ အချို့သောနေရာများတွင် ပြုပြင်ဆောင်ရွက်ခြင်း မပြုလုပ်နိုင်သေးသဖြင့် ပြည်သူလူထုသို့ ဖြန့်ဝေပေးနိုင်မှုမရှိသည်များကို ကြုံတွေ့နေရပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ထိုသို့ဖောက်ခွဲဖျက်ဆီးခံရမှုများအပေါ် အကြိမ်ကြိမ် ပြုပြင်ဆောင်ရွက်မှုများ ပြုလုပ်နေစဉ်အချိန်များတွင်လည်း နှောင့်ယှက်တိုက်ခိုက်မှုများရှိခဲ့သဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများမှ အသက်ပေးဆပ်ခြင်း(၁၉)ဦးနှင့် ထိခိုက်ဒဏ်ရာရရှိခြင်း (၅၆) ဦး ရှိခဲ့သော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် သက်ဆိုင်ရာနယ်မြေများရှိ လုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းကာ အကြိမ်ကြိမ်ပြုပြင်ဆောင်ရွက်မှုများကိုလည်း ဆက်လက်လုပ်ဆောင်ပေးလျက်ရှိပါသည်။

ထိုသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် ပြည်သူလူထုမှလည်း နိုင်ငံ့ဝန်ထမ်းများကိုလုပ်ကြံပစ်ခတ်ခြင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ သွယ်တန်း၊ ဖြန့်ဖြူးပေးလျက်ရှိသည့် နိုင်ငံ့အခြေခံအဆောက်အအုံများ လုပ်ကြံပစ်ခတ်ခြင်း၊ ဖောက်ခွဲတိုက်ခိုက် ဖျက်ဆီးခြင်းများမပြုလုပ်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

(၃-၁-၂၀၂၂) ရက်နေ့တွင် ၂၃၀ ကေဗွီ ဘီးလူချောင်း (၂)-ရွှေမြို့ ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၉၈) Tension တိုင် ပြိုလဲ ပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





(၃-၁-၂၀၂၂) ရက်နေ့တွင် ၂၃၀ ကေဗွီ ဘီးလူချောင်း (၂)-ရွှေမြို့ ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၉၉၊ ၁၀၀) Suspension တိုင်များ ပြိုလဲပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၁၃၂ ကေဗွီ ဘီးလူချောင်း (၂) - တီကျစ် နှစ်ထပ်မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၁၃၀) ပြိုလဲပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။





ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်လျှပ်စစ်မန်နေဂျာရုံး လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခံရပြီး ပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။





ဘီးလူချောင်း အမှတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ရေထိန်းတံခါး Control ခန်းရှိ ကျည်ထိမှန်ခဲ့သော မှန်ချပ်များအား တွေ့ရစဉ်။





ရေနံချောင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး တံခါးမှန်နှင့် အုတ်နံရံ ကျည်ထိမှန်ခဲ့ပုံအား တွေ့ရစဉ်။





# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၁၀ | ၂၀၃၀ | ၂၀၁၅ | ၁၉၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၀၀၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၄၅ | ၂၀၅၀ | ၂၂၆၅ | ၂၉၂၀ |
| 95 Ron | ၂၀၄၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၀၈၅ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၀၈၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၄၂၅ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၂၀ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၅ | ၂၆၈၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၅၅ | ၂၅၀၀ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၅ | ၂၆၀၀ | ၂၅၉၅ | ၂၄၉၅ | ၂၅၀၅ | ၂၅၃၅ | ၂၅၄၀ | ၂၅၄၀ | ၂၇၆၀ | ၃၆၆၅ |
| HSD (10 ppm) | ၂၄၅၅ | ၂၅၀၀ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၅ | ၂၆၀၀ | ၂၅၉၅ | ၂၄၉၅ | ၂၅၀၅ | ၂၅၃၅ | ၂၅၄၀ | ၂၅၄၀ | ၂၇၆၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၆ | ၁၉၃၇ |
| 95 Ron | ၁၉၄၁ | ၂၀၁၃ |
| HSD (500 ppm) | ၂၂၇၁ | ၂၃၄၅ |
| HSD (50 ppm) | ၂၃၄၄ | ၂၄၂၁ |
| HSD (10 ppm) | ၂၃၄၄ | ၂၄၂၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇– ၄၀၉၈၈၁၊ ၀၉–၆၉၉၆၁၁၁၆

၀၆၇– ၄၁၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 ပွဲစဉ်(၁၄) ဒုတိယအဆင့်(Leve -2) ပြိုင်ပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

နေပြည်တော် နိုဝင်ဘာ ၃၀

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" Season–2 သီချင်းဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် စက်တင်ဘာ ၂ ရက်မှစတင်ပြီး ပွဲစဉ် ၁၈ ပွဲဖြင့် အပတ်စဉ်သောကြာနေ့ ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့ကလည်းကောင်း၊ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဉ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် လည်းကောင်း ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်သည်။


ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင်သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာမှ ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level–2)တွင် ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင် ၁၀ ဦးအား ဦးစွာရွေးချယ်ခဲ့ပြီး ဆက်လက်ယှဉ်ပြိုင်ရန် ထပ်မံရွေးချယ်ခဲ့ရာ ပြိုင်ပွဲဝင်ခုနစ်ဦး ပေါ်ထွက်လာပြီဖြစ်၍ ဒီဇင်ဘာ ၂ ရက် သောကြာနေ့ညတွင် ပွဲစဉ် (၁၄) အဖြစ် ပြဋ္ဌာန်းတေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ဒုတိယအဆင့် (Level–2) မှစ၍ အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှု ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်များ၏ SMS Voting ဖြင့် ပေးပို့မှု ၇၀ ရာခိုင်နှုန်း သတ်မှတ်ထားရှိရာ ပရိသတ်များအနေဖြင့် ပြိုင်ပွဲဝင်များဖြစ်ကြသော ချင်းပြည်နယ်မှ မြင့်မြတ်သူ (MFO2)၊ ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် (MFO3)၊ ပဲခူးတိုင်းဒေသကြီးမှ လျှမ်းထက်ကို (MFO5)၊ ကရင်ပြည်နယ်မှ ချိုသဲဦး (MFO6)၊ ကချင်ပြည်နယ်မှ လလဆွတ် (MFO7)၊ နေပြည်တော်မှ ပူတူး (MFO9)နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MF10)တို့အား SMS အကန့်အသတ်မရှိ ပေးပို့နိုင်မည်ဖြစ်ကြောင်းနှင့် ယင်းတို့၏ သီဆိုယှဉ်ပြိုင်ကြပုံများကို လာမည့်ဒီဇင်ဘာ ၂ ရက် သောကြာနေ့ည ၉ နာရီခန့်တွင် MRTV – HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၄ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## "နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" မှ "မဟောသဓာ သားတရားစီရင်ခန်း" ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် နိုဝင်ဘာ ၃၀

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ်စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။




အဆိုပါအစီအစဉ်မှ "မဟောသဓာ သားတရားစီရင်ခန်း" ဇာတ်တော်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင်စီစဉ်ပြီး Art Director ဆန်းမင်း၏အနုပညာဖန်တီးမှု၊ ရွာစားဝါးခယ်မစိန်မုန့်လုံး၏ တီးခတ်မှုနှင့်အတူ ဘွန်း၊ ဆန်းနေအောင်၊ ချက်ပေါက်၊ ချမ်းချမ်းမိုး၊ စန္ဒာလင်း၊ သဒ္ဒါသိမ့်တို့နှင့်အတူ သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဒီဇင်ဘာ ၃ ရက် စနေနေ့ ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ဒီဇင်ဘာ ၇ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူ့ရှင်တော်အသင်းမှမိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်




နေပြည်တော် နိုဝင်ဘာ ၃၀

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၉၄)ကို ဒီဇင်ဘာ ၂ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေသူရနှင့် သိမ့်သိမ့်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဒီဇင်ဘာ ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်တွင်း ရွှေဈေးကွက်အလားအလာ

**ရန်ကုန်  နိုဝင်ဘာ  ၃၀**

ယခုအချိန်တွင် ကမ္ဘာ့ရွှေဈေးနှုန်းများ ပိုမိုလာသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိနေသည်ကို တွေ့ရသည်။

**၁၃ ဒေါ်လာ ပိုမိုလာ**

နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၅၃ ဖြစ်၍ ယခင်အပတ် ရွှေဈေးနှုန်းထက် ၁၃ ဒေါ်လာ ပိုမိုလာခဲ့သည်။ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ ရည်ညွှန်းဈေးနှုန်းမှာလည်း ယခုအပတ်ငွေကျပ် ၂၀၆၅၀၀၀ ဖြစ်ပြီး ယခင်အပတ်ထက် ငွေကျပ် ၁၆၀၀၀ ပိုမိုသတ်မှတ်ခဲ့သော်လည်း ဈေးကွက်ပေါက်ဈေးနှုန်းမှာ ရည်ညွှန်းဈေးနှုန်းထက် ငွေကျပ် ၄၆၀၀၀၀ ကျော်ခန့် ပိုမိုနေကာ လက်ရှိဈေးကွက်တွင် ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၂၅၃၀၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း တွေ့ရသည်။ ပြည်တွင်းဈေးကွက်တွင် ရွှေစုဆောင်းလိုမှု လျော့ကျလာပြီး ဝယ်လိုအားထက် ရောင်းလိုအား ပိုမိုနေကာ ကမ္ဘာ့ရွှေဈေးနှုန်း ပိုမိုလာသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာ ယခင်အပတ် ဈေးကွက်ပေါက်ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။



**DOCA(ရန်ကုန်)၊ Source – YGEA**

# မြိတ်မြို့၌ ကုန်သွယ်မှုလုပ်ငန်းများ ကောင်းမွန်လျက်ရှိ

**မြိတ်  နိုဝင်ဘာ  ၃၀**

၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း မလေးရှားဆိပ်ကမ်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ရော်ဘာ ၆၀၄ ဒသမ ၈ တန်၊ တစ်ဖက်ထိုင်းနိုင်ငံ ရနောင်းမြို့နှင့် ပရာကျွတ်ကရီခမ်မြို့သို့ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (From D) ဖြင့် ငါးအသားလွှာ ၅၀ ဒသမ ၈၅ တန်၊ ငါးမှုန့် ၂၂၆၅ တန်၊ မုတ်ခွံ ၂၅ ဒသမ ၇၆ တန် တင်ပို့နိုင်ခဲ့သည်။ မြိတ်ဒေသမှထွက်ရှိသည့် ရော်ဘာများကို တရုတ်နိုင်ငံမှ ဝယ်လိုအားရှိသည့်အတွက် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် နိုဝင်ဘာလတွင် တန်ချိန်အများဆုံးတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလတွင် တစ်ဖက်နိုင်ငံ ရနောင်းမြို့မှ ငါးဖမ်းပိုက်ကွန်များ၊ ရေလုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)များကို ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံတို့မှ တင်သွင်းလျက်ရှိပြီး ငါးဖမ်းလုပ်ငန်းများတွင် အသုံးပြုနေသည့် စက်လှေများ၊ ရေခဲစက်ရုံများ၊ သယ်ယူပို့ဆောင်ရေး ပြုလုပ်သည့် မော်တော်ယာဉ်များ၊ မြိတ်ဒေသတွင် လျှပ်စစ်ဓာတ်အား ပေးဝေနိုင်ရေးတွင် အသုံးပြုသည့် စက်သုံးဆီများကို ပုံမှန်တင်သွင်းလျက်ရှိရာ နိုဝင်ဘာလတွင် ဒီဇယ် တန် ၇၇၈၀၊ ဓာတ်ဆီ တန် ၈၅၀ တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

ငွေလဲနှုန်းပေါက်ဈေးအနေဖြင့် တစ်ဘတ်လျှင် ကျပ် ၈၀ ဖြင့် အရောင်းအဝယ် ပြုလုပ်နေကြောင်း သိရသည်။

**သတင်းစဉ်**

# ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ရော်ဘာတင်ပို့ခဲ့ရာ RSS–3 ရော်ဘာ တစ်တန်လျှင် ၉၁၉၈ ယွမ်ဖြင့် တင်ပို့နိုင်ခဲ့

**နေပြည်တော်  နိုဝင်ဘာ  ၃၀**

ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှတစ်ဆင့် ယခင်ကာလများတွင် အဓိကပို့ကုန်ဖြစ်သော တစ်သျှူးငှက်ပျောနှင့် ဖရဲ တင်ပို့နိုင်ခဲ့သော်လည်း ယခုနှစ် နိုဝင်ဘာလနောက်ဆုံးပတ်၌ RSS–3 ရော်ဘာတန်ချိန် ၁၅၀ စတင်တင်ပို့လာနိုင်ခဲ့သည်။ လက်ရှိ RSS–3 ရော်ဘာ တစ်တန်လျှင် ၉၁၉၈ ယွမ်ဖြင့် တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး တစ်ဖက်နိုင်ငံဘက်၌ Quota (ကိုတာ) ခွဲတမ်းရရှိသောကုမ္ပဏီနှင့် မြန်မာဘက်မှ ရော်ဘာတင်ပို့သော ကုမ္ပဏီတို့ ချိတ်ဆက်တင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။ ငွေလဲနှုန်းအနေဖြင့် တစ်ယွမ်လျှင် မြန်မာကျပ်ငွေ ၄၁၆ ကျပ်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယမှ ချမှတ်လိုက်သော ဆန်မူဝါဒအသစ်ကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်း မြင့်တက်ဖွယ်ရှိ

**ရန်ကုန်  နိုဝင်ဘာ  ၃၀**

ဆန်ကွဲများတင်ပို့မှုကို ပိတ်ပင်ခြင်းနှင့် ဘာစမာတီမဟုတ်သည့် ဆန်ဖြူများတင်ပို့မှုအတွက် အခွန် ၂၀ ရာခိုင်နှုန်းကောက်ခံသည့် ဆန်မူဝါဒအသစ်ကို အိန္ဒိယအစိုးရမှ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၉ ရက်နေ့က ချမှတ်ခဲ့သည်။ ယင်းမူဝါဒကြောင့် အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့မှုသည် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄ သန်းမှ ၅ သန်းအထိ ကျဆင်းနိုင်ဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် ယခင် ၂၀၂၁–၂၀၂၂ဘဏ္ဍာနှစ်တွင် ကမ္ဘာ့ဆန်တင်ပို့မှုဈေးကွက်၌ ၄၀ ရာခိုင်နှုန်းအထိ ဈေးကွက်၌ ဝေစုရရှိခဲ့သည်။ ၎င်းအပြင် ဆန်မူဝါဒအသစ်သည် ဆန်ထုတ်လုပ်မှုကို တန်ချိန် ၁၇ ဒသမ ၈ သန်းခန့်လျော့နည်းနိုင်ကြောင်းကိုလည်း အိန္ဒိယနိုင်ငံ ဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌက ပြောကြားခဲ့ကြောင်း သိရသည်။

ဤဆန်မူဝါဒအသစ်သည် ဆန်ဖြူများ၏ ဈေးနှုန်းကို အာရှတိုက်ရှိ ယှဉ်ပြိုင်ဘက်နိုင်ငံများ၏ ဈေးနှုန်းများအတိုင်း မြင့်တက်လာစေရန် ရည်ရွယ်ကြောင်း အိန္ဒိယနိုင်ငံ ဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌက ပြောကြားသကဲ့သို့ အိန္ဒိယနိုင်ငံ အစားအသောက်ဝန်ကြီးမှ ပြည်ပသို့ ဆန်တင်ပို့မှုများပြားလာခြင်းသည် ပြည်တွင်းမွေးမြူရေးလုပ်ငန်းများအတွက် တိရစ္ဆာန်ကျွေးမွေးမှုနှင့် အရက်ပြန်ထုတ်လုပ်မှုများအတွက်လည်း ထိခိုက်စေနိုင်သည့်အတွက်ဖြစ်ကြောင်း ပြောကြားသည်။

ဤဆန်မူဝါဒအသစ်ကြောင့် ဖြစ်ပေါ်လာမည့် ကမ္ဘာ့ဆန်ဈေးနှုန်းများအခြေအနေကို ထိုင်းနိုင်ငံ ဆန်တင်ပို့သူများအသင်းနှင့် ဗီယက်နမ်နိုင်ငံ အစားအသောက်အသင်းမှလည်း စောင့်ကြည့်နေကြပြီး ကမ္ဘာ့ဆန်ဈေးနှုန်းမှာ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်းကိုလည်း ၎င်းတို့က ခန့်မှန်းပြောကြားကြောင်း သိရသည်။ **သတင်းစဉ်**

# နှစ်နိုင်ငံအကြား G to G စာချုပ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ် ဆန်ဖြူတန်ချိန် ၂၅၀၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၅၀၀၀၀ တင်ပို့ရောင်းချနိုင်မည်

**ရန်ကုန်  နိုဝင်ဘာ  ၃၀**

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံအစိုးရတို့အကြား ဆန်စပါးကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding – MoU) ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါနားလည်မှုစာချွန်လွှာအရ ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ် အများဆုံး ဆန်ဖြူတန်ချိန် ၂၅၀၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၅၀၀၀၀ တို့အား တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ အဆိုပါ MoU အရ မြန်မာနိုင်ငံမှ Myanmar Rice Federation – MRF နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Directorate General of Food တို့မှ ညှော့မထ ၅ ရာခိုင်နှုန်း တန်းမြင့်ဆန် တန်ချိန် ၂၀၀၀၀၀ တင်ပို့ရန် သဘောတူစာချုပ် (Sales Contract) ကို ချုပ်ဆိုခဲ့ပြီး တင်ပို့နိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ကြသည်။

အဆိုပါ Sales Contract အရ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်အထိ ဆန်တန်ချိန် ၁၁၀၀၀၀ ခန့်အား တင်ပို့ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ တင်ပို့ရန်ကျန်ရှိသောဆန်များအနက် ဆန်တန်ချိန် ၂၀၀၀ ကျော်အား သင်္ဘောတင်ဆဲဖြစ်ပြီး ကျန်ရှိသည့်ဆန်များအား သတ်မှတ်ကာလအတွင်း ပြည့်မီအောင် ဆက်လက်ပို့ဆောင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးကြက်သွန်နီ ဈေးကွက်အခြေအနေ

**စစ်ကိုင်း  နိုဝင်ဘာ  ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးကြက်သွန်နီ စိုက်ဧက နှစ်ထောင်ကျော် စိုက်ပျိုးခဲ့သည်။ မုံရွာပွဲရုံသို့ မိုးကြက်သွန်နီအသစ်များ ဝင်ရောက်နေပြီး နေ့စဉ် ပိဿာချိန် ၁၅၀၀၀ ခန့် ဝင်ရောက်လျက်ရှိသည်။ ပွဲရုံသို့ ဝင်ရောက်လာသော ကြက်သွန်နီများ ဒေသတွင်းအဆွဲများရှိခြင်း၊ ရန်ကုန်၊ မန္တလေးနှင့် ချင်းတွင်းအထက် မြစ်ရိုးတစ်လျှောက် တင်ပို့လျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ် မုံရွာပွဲရုံများတွင် ဝင်ရောက်လျက်ရှိသော မိုးကြက်သွန်နီအသစ် လက်ကား တစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (ကြီး) ငွေကျပ် ၂၇၀၀–၃၀၀၀၊ (လတ်) ငွေကျပ် ၂၆၀၀–၂၈၀၀၊ (သေး) ငွေကျပ် ၂၅၀၀–၂၇၀၀ နှုန်းနှင့် အလုံးဆိုက်၊ အစိုအခြောက် အရောင်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိနေသည်။ မိုးကြက်သွန်နီအသစ် လက်လီဈေးနှုန်းများမှာ (ကြီး) ငွေကျပ် ၃၀၀၀–၃၅၀၀၊ (လတ်) ငွေကျပ် ၂၇၀၀–၃၀၀၀၊ (သေး) ငွေကျပ် ၂၆၀၀–၂၉၀၀ ရှိသည်။ ကြက်သွန်ဖြူလက်လီဈေးမှာ (ဗမာ) ငွေကျပ် ၅၀၀၀–၆၀၀၀၊ (ရှမ်းစ) ငွေကျပ် ၄၅၀၀–၅၀၀၀၊ ကြူကုတ် ငွေကျပ် ၅၅၀၀–၆၀၀၀ ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ဇေယျာကုန်သွယ်မှုဗဟိုဌာန**

# ကျောက်ဆည်ခရိုင်၌ ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေ

**မန္တလေး  နိုဝင်ဘာ  ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ယာမြေများ၌ အောက်တိုဘာလဆန်းတွင် ကုလားပဲကိုစတင်စိုက်ပျိုးကြသည်။ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ကုလားပဲသည် ကုန်ကျစရိတ်သက်သာပြီး အချိန်ကုန်သက်သာ၍ ဝင်ငွေတိုးပွားရရှိခြင်းကြောင့် တောင်သူအများစု အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။ ယာမြေများတွင် ကုလားပဲ တစ်ဧကလျှင် တစ်တင်းနှုန်း စိုက်ပျိုးရပြီး လယ်မြေများတွင် တစ်ဧကလျှင် တစ်တင်းခွဲနှုန်း ပိုမိုစိုက်ပျိုးရကြောင်း၊ ကုလားပဲပင်များ အောင်မြင်စွာဖြစ်ထွန်းနေပြီး ကုလားပဲရွက်များခူး၍ ဈေးထဲတွင် ရောင်းချလျက်ရှိကြောင်း၊ ကုလားပဲရွက်တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၅၀၀၀ နှင့် လက်လီဈေး ငွေကျပ် ၆၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။



ဈေးနှုန်းအနေဖြင့် ယခုအချိန်တွင် ကုလားပဲများ ထွက်ရှိခြင်း မရှိသေးသော်လည်း ဈေးကွက်အတွင်း၌ ယခင်နှစ်က ထွက်ရှိသော ကုလားပဲဈေးနှုန်းများမှာ ကုလားပဲ(ရိုးရိုး) တစ်တင်းလျှင် ငွေကျပ် ၅၄၀၀၀၊ ကုလားပဲ(V2) တစ်တင်းလျှင် ငွေကျပ် ၆၄၀၀၀ နှင့် ကုလားပဲဆန် တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**DOCA (မန္တလေး)**

# ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့လျက်ရှိသော နေကြာစေ့

**နေပြည်တော်  နိုဝင်ဘာ  ၃၀**

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းများတင်ပို့လျက်ရှိရာတွင် စက်မှုကုန်ချောပစ္စည်းတစ်မျိုးဖြစ်သည့် နေကြာစေ့အား ပြည်ပပို့ကုန်အဖြစ် မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ ထိုးဖောက်ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ်(မီနီဘတ်ဂျက်) ခြောက်လတာကာလအတွင်း နေကြာစေ့တန်ချိန် သုံးတန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ခြောက်လတာကာလအတွင်း နေကြာစေ့တင်ပို့မှု တန်ချိန် ၂ ဒသမ ၇၅ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ရှမ်းပြည်နယ် တောင်ကြီးမြို့၌ မဲခေါင်ဒေသ လုံခြုံမှု ပေါင်းစပ်ညှိနှိုင်းရေးစင်တာ “Safe Mekong Coordination Center ” မဲခေါင်ရိပ်သာဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ရှမ်းပြည်နယ် တောင်ကြီးမြို့၌ မဲခေါင်ဒေသလုံခြုံမှုပေါင်းစပ်ညှိနှိုင်းရေးစင်တာ Safe Mekong Coordination Center မဲခေါင်ရိပ်သာ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။




အခမ်းအနားသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံး၊ ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Dr.Zheng Zhihong နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇေယျာဦးတို့က အမှာစကားပြောကြားကြပြီး တာဝန်ရှိသူများက Safe Mekong Coordination Center မဲခေါင်ရိပ်သာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တက်ရောက်လာသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက တိုးနရားအကဖြင့် ဖြေဖျော်ကြကာ အခမ်းအနားဖွင့်ပွဲ အထိမ်းအမှတ်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာများဖြင့် ပက်ဖျန်းကြပြီး အဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ Safe Mekong Coordination Center မဲခေါင်ရိပ်သာအဆောက်အအုံကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း ၂၀၁၈ ခုနှစ် အထူးရန်ပုံငွေမှ အမေရိကန် ဒေါ်လာ ၄၉၉၄၀၀ နှင့် ညီမျှသော မြန်မာကျပ်ငွေ ၇၇၄ ဒသမ ၀၇ သန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ရန်ပုံငွေမှငွေကျပ် ၇၈ ဒသမ ၇ သန်း စုစုပေါင်းငွေကျပ် ၈၅၂ ဒသမ ၇၇ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး မဲခေါင်မြစ်ကြောင်းတစ်လျှောက်ရှိ တရုတ်-မြန်မာ-လာအို-ထိုင်း-ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် မူးယစ်ဆေးဝါး နိုင်ငံဖြတ်ကျော် သယ်ဆောင်ရောင်းဝယ်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အထောက်အကူဖြစ်စေမည့် သတင်းအချက်အလက်များ ရရှိစေရေးအတွက် ပူးပေါင်းစုံစမ်း စစ်ဆေးမှုများပြုလုပ်ရန် နိုင်ငံအလိုက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့များမှ ကိုယ်စားလှယ်အချင်းချင်း ပူးပေါင်း၍ မဲခေါင်မြစ်ကြောင်းတစ်လျှောက် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုပပျောက်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများထိန်းချုပ်ရေး၊ နည်းပညာပူးပေါင်း ဖလှယ်ရေးနှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းလာစေရန်နှင့် မဲခေါင်မြစ်ဝှမ်းတစ်လျှောက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဓိကရည်ရွယ်ချက်သည် မဲခေါင်ဒေသတွင်း နိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုရရှိစေရန်နှင့် နိုင်ငံအလိုက် ဒေသဖွံ့ဖြိုးတိုးတက်မှု ကွာဟနေခြင်းကို လျှော့ချသွားရန်၊ အာဆီယံအသိုင်းအဝိုင်းတည်ထောင်မှုကို အထောက်အကူပြုရန်၊ ကုလသမဂ္ဂ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာ၏ ရည်မှန်းချက်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးတို့ကို တိုးမြှင့်ပူးပေါင်း ဆောင်ရွက်သွားရန်ဖြစ်သည်။ မဲခေါင်ဒေသလုံခြုံရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဗဟိုဌာန “Safe Mekong Coordination Center”ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအလိုက် ကိုယ်စားလှယ်များအတွက် ရုံးခန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်း၊ မဲခေါင်ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး သတင်းဖလှယ်မှု အစည်းအဝေးများ ကျင်းပနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည့်အပြင် မိမိတို့ ရည်မှန်းချက်ဖြစ်သည့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍကို ယခုထက်ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၁) ကြိမ်မြောက် မဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

(၁၁) ကြိမ်မြောက် မဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို ယနေ့တွင် ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံ၍ Online စနစ်ဖြင့် ကျင်းပသည်။




အစည်းအဝေးသို့ မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် အာဆီယံ မိုးလေဝသစောင့်ကြည့်လေ့လာရေး ဗဟိုဌာန(ASEAN Specialised Meteorological Centre–ASMC)မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံမှသယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဆက်စပ်ဦးစီးဌာနများဖြစ်သည့် သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ အဆင့်မြင့်အရာထမ်း ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးကို မဲခေါင်ဒေသတွင်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution–AATHP) ကို အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းနိုင်ရန်နှင့် နယ်စပ် ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို နိုင်ငံအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးတွင် ထိုင်းနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် Mr. Thalearnsak Petchusuwan က Chair အဖြစ် ဆောင်ရွက်ကာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးမှ Video Message ဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အစည်းအဝေး အစီအစဉ်အရ အာဆီယံ မိုးလေဝသစောင့်ကြည့်လေ့လာရေးဗဟိုဌာနမှ ၂၀၂၂ ခုနှစ်တွင် မဲခေါင်ဒေသ မီးလောင်ကျွမ်းမှု (Fire Hotspot) နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု၊ ရာသီဥတုအခြေအနေများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ လမ်းပြမြေပုံအသစ် (၂၀၂၂-၂၀၃၀) ရေးဆွဲမှု၊ အာဆီယံ သစ်ဆွေးမြေစီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာအသစ် (၂၀၂၂-၂၀၃၀) ရေးဆွဲမှု၊ ယမန်နေ့က ကျင်းပခဲ့သည့် (၁၇) ကြိမ်မြောက် မဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် မဲခေါင်နိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေး လုပ်ငန်းဆောင်ရွက်မှုများ၊ ၂၀၁၇ ချင်းရိုင် လုပ်ငန်းစီမံချက်ကို ၂၀၂၅ ခုနှစ်အထိ သက်တမ်းတိုး၍ ဆက်လက်အကောင်အထည်ဖော်ရေးအတွက် Fire Hotspot အရေအတွက် လျှော့ချရမည့်အညွှန်းကိန်းများ၊ ဒေသတွင်းနိုင်ငံများ၏ မီးခိုးမြူငွေ့ ထိန်းချုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်မှု အခြေအနေများနှင့် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း မီးခိုးမြူငွေ့လျှော့ချရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြပြီး ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေနှင့် ဒေသတွင်း မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကလောမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ကလော နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဝါးရုံပင်ကျေးရွာတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ကွင်းအမှတ်(၅)အတွင်း စိုက်ပျိုးထားသည့် တောင်သူဦးကြီးရင်၏ ရွှေရင်အေးစပါးစိုက်ခင်း၌ပြုလုပ်ခဲ့သည်။ ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ ကလောခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြောင်း သိရသည်။

အဆိုပါမျိုးစံကွက်ရိတ်သိမ်းရာတွင် ရွှေရင်အေးစပါးမျိုးကောင်း ကိုယ်စားပြု ၁၂၅ ဧကမှ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ ၂ ဒသမ ၈၉ ဧကရှိ တောင်သူဦးကြီးရင်၏ ရွှေရင်အေးမိုးစပါး စိုက်ခင်းတွင် သုညဒသမ ၀၀၁ ဧက စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအခြောက်အထွက်နှုန်း ၇၄ ဒသမ ၃၁ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**အေးခိုင်(ကလော)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၉၄၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃၀-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၄၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၆၅,၈၈၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၂၄၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၇,၇၆၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၉-၁၁-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၇၁,၃၉၅) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၆၄,၂၈၇) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၉-၁၁-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၇၁,၃၉၅ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၆၄,၂၈၇ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၁၅) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ကွပ်ကဲမှုအောက်ရှိ မယ်စဲ့မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများက နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက မယ်စဲ့မြို့နယ် နန့်မန်းကျေးရွာအုပ်စု ဟွေပါလန်ကျေးရွာ ဘုန်းကြီးကျောင်းရှိ ရဟန်း၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းစဉ်။

ကိုဇင်(လွိုင်ကော်)

## ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမှုမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ငါးရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တစ်ရက်မှ လေးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မိုး/ဇလ**

**✳ ကျောဖုံးမှ**

အင်္ဂလန်အသင်းဟာ ဝေးလ်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် အုပ်စု(B)မှာ ရမှတ် ခုနစ်မှတ်ရရှိခဲ့တာကြောင့် အုပ်စုအဆင့် ပထမနေရာနဲ့ နောက်တစ်ဆင့်တက်လှမ်းခဲ့ပြီး ဆီနီဂေါအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အီရန်အသင်းနဲ့ အမေရိကန်အသင်းတို့ပွဲစဉ်မှာတော့ အမေရိကန်အသင်းက အီရန်အသင်းကို ပထမပိုင်း ပွဲကစားချိန် ၃၈ မိနစ်မှာ ရရှိခဲ့တဲ့ ပူလီဆစ်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အီရန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမေရိကန်အသင်းဟာ အုပ်စုအဆင့်ဒုတိယနေရာနဲ့ (၁၆)သင်းအဆင့်ကို တက်ခဲ့ကာ နောက်တစ်ဆင့်မှာ နယ်သာလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

နိုဝင်ဘာ ၃၀ ရက်ညပိုင်းမှာ အုပ်စု(C)ရဲ့ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်တွေအဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဩစတြေးလျအသင်းနဲ့ ဒိန်းမတ်အသင်းတို့ပွဲစဉ်မှာ ဩစတြေးလျအသင်းက ဒိန်းမတ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။ တူနီးရှားအသင်းနဲ့ ပြင်သစ်အသင်းတို့ပွဲစဉ်မှာ တူနီးရှားအသင်းက ပြင်သစ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပေမယ့် ပြင်သစ်အသင်းနဲ့ ဩစတြေးလျအသင်းတို့ကသာ နောက်တစ်ဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ **ငွေကြယ်**

**☆ ပွင့်ဖြူမြို့နယ်မှ**

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲသီးနှံဧက ၇၆၄၀ ကို အောက်တိုဘာလဆန်းပိုင်းက ရွာသွန်းခဲ့သည့်မိုးဖြင့် စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ သတ်မှတ်လျာထားဧကအား အခက်အခဲမရှိ ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ၏ လယ်ယာမြေများအရောက် ကွင်းဆင်းပြီး တောင်သူအသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထောပတ်ပဲသီးနှံဧက ၇၆၄၀ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ ထောပတ်ပဲသီးနှံက ကျွန်မတို့ဒေသမှာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းတဲ့အပြင် ဈေးကောင်းလဲရရှိတာကြောင့် ဒေသခံတောင်သူတွေက နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အားထားစိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ဒေသခံတောင်သူတွေကိုလည်း သီးနှံအထွက်နှုန်းတိုးပွားဖို့နဲ့ သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေကိုလည်း ကူညီဆောင်ရွက်ပေးနေပါတယ်။ အဓိကသီးနှံအရည်အသွေးကောင်းမွန်ရေး မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ GAP စနစ်နဲ့ စိုက်ပျိုးခြင်း၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရာ၌ သဘာဝပိုးသတ်ဆေး ထုတ်လုပ်အသုံးပြုခြင်း၊ အချိန်မီရိတ်သိမ်းခြင်း စတဲ့ နည်းစနစ်တွေကို အဓိကထားဆောင်ရွက်ဖို့ အသိပညာပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောကြားသည်။

ပွင့်ဖြူမြို့နယ်တွင် ယခု နိုဝင်ဘာလကုန်အထိ ထောပတ်ပဲသီးနှံစိုက်ဧက ၂၂၄၀ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်း (ခ) ဦးကျန်ဝန်
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ်(၄၄)နေ ဒေါ်သိန်းစိုး၏ခင်ပွန်း၊ ဦးချစ်မောင်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးတင်မောင်ဝင်း၊ ဦးသိန်းထွန်း- ဒေါ်တင်တင်ဝင်း၊ ဦးအောင်သန်းကြည်-ဒေါက်တာခင်ခင်ဝင်း၊ ဦးသက်ဦး-ဒေါ်သိန်းသိန်းဝင်း၊ ဦးအစိမ်း-ဒေါ်စန်းစန်းဝင်း၊ ဦးသန်းဌေး-ဒေါ်တိုးတိုးဝင်း၊ ဒေါက်တာမောင်မောင်မိုး-ဒေါ်သန္တာမြင့်၊ ဒေါက်တာကျော်ကျော်ဦး-ဒေါ်ယဉ်ယဉ်ဝင်း၊ ဦးမိုးကျော်- ဒေါ်သန်းထိုက်အေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ် နှစ်ယောက်တို့၏အဘိုး ဦးဝင်း(ခ)ဦးကျန်ဝန်သည် ၂၉-၁၁-၂၀၂၂ (အင်္ဂါနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်ဝင်း (မြောင်းမြ)
### အသက် (၈၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်နေ (ဦးစိန်ရိုး-ဒေါ်စောနှစ်) တို့၏သမီးထွေး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ် (၉)နေ ဦးစိန်လှိုင်၏ဇနီး၊ ဦးအောင်ဆန်းမြင့်-ဒေါ်ခင်ခင်ဦး၊ (ဦးခင်ထွန်း)-ဒေါ်စိန်စိန်၊ ဦးတင်ဝင်းထွန်း- ဒေါ်အေးအေးမော်၊ ဦးသောင်းဟန်-ဒေါ်ခင်စန္ဒာလှိုင်၊ ဦးဆန်းဦး-ဒေါ်လှလှမင်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ ကိုသူရိန်ကျော်- မလဲ့ရည်မွန်၊ မဆုမွန်အောင်၊ ကိုမိုးမြင့်မောင်၊ ကိုထူးမြတ်ရှိန်-မခင်ချမ်းမြေ့ထွန်း၊ ကိုနေသီဟ၊ ကိုဆုပန်မိုးဆွေ-မမြတ်သဲစု၊ မနှင်းသန့်ဖြူ၊ မောင်ကောင်းဇာနည်ထွန်း၊ မသန့်ဖြူစင်၊ မောင်အောင်ကောင်းမြတ်၊ မောင်သုတတို့၏ ချစ်လှစွာသောအဘွား၊ မြစ် ငါးယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၃၀-၁၁-၂၀၂၂ ရက် နံနက် ၀၀:၅၂ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၂၂ (အင်္ဂါနေ့)တွင် အမှတ်(၉)၊ နံ့သာလမ်း၊ အလုံမြို့နယ်၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ဆန်းမေ (မစရဏာဥာဏီ)
### (ပထမကျော်၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ)
### (အလယ်တောရ၊ ဗဟန်းမြို့နယ်)
### အသက်(၉၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရေကင်းမြို့နယ်၊ ကျွန်းညိုရွာနေ (ဦးဘိုးတန်- ဒေါ်ဒေါ်စော)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အခန်း(၁၀၁)၊ ပထမထပ်၊ နီလာတိုက်၊ မြခွာညိုရတနာတိုက်များနေ ဒေါ်ခင်ဒေါင်းဖြူ၊ ဦးရဲညွန့်ဇော်- ဒေါ်ပုံ့သူဇာ၊ ဒေါ်ခင်ဂျိုးဖြူ၊ ဦးဟုမ်း-ဒေါ်ခင်ဗျိုင်းဖြူတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဒေါ်ခင်ဝေ၊ ဒေါ်သောင်းမော်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွား၊ (ဦးညွန့်ဇော်) (သာသနာရေးဦးစီးဌာန)၏ဇနီး ဒေါ်ဆန်းမေ(မစရဏာဉာဏီ) အသက်(၉၄)နှစ်သည် ၂၉-၁၁-၂၀၂၂ (အင်္ဂါနေ့) ည ၇:၀၂ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁-၁၂-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၂-၂၀၂၂ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်း (ခ) ဦးကျန်ဝန်
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်းနေ ဦးအောင်သန်းကြည်-ဒေါက်တာဒေါ်ခင်ခင်ဝင်း(Singapore)၏ ကျေးဇူးရှင်ဖခင်ကြီး ဦးဝင်း(ခ)ဦးကျန်ဝန် အသက် (၉၄)နှစ်သည် ၂၉-၁၁-၂၀၂၂ (အင်္ဂါနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်(ငြိမ်း)- ဒေါ်ခင်သန့်စင် မိသားစု**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စောမေ(စစ်တွေ)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တိုက် (A-3)၊ အခန်း(007,107)၊ ဗညားဒလလမ်းနေ (ဦးစိန်ထွန်းဦး-ဒေါ်မဲရီ)တို့၏သမီး၊ ဒေါ်အဝမ်း၏ညီမ၊ ဦးရွှေထွန်းမောင်၏အစ်မ၊ (ဦးစံရွှေဖြူ)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ညိုညိုသိန်း (M.Sc Zoology၊ ဒုဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)၊ ဦးအေးထွန်းသိန်း (ATT Mobile)-မတင်တင်အေး၊ ဦးအေးထွန်းဖြူ၊ ဒေါ်မြသိန်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်နွေငြိမ်းလင်း၊ မောင်မိုးသစ်ငြိမ်းတို့၏ ချစ်လှစွာသောဘောင်ဘောင်ကြီး ဒေါ်စောမေသည် ၂၉-၁၁-၂၀၂၂ (အင်္ဂါနေ့) ည ၉ နာရီတွင် နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၂-၂၀၂၂ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယကာကြီး
## ဦးကျော်ငြိမ်းလွင်
### အသက်(၇၆)နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ ဗိုလ်လကျ်ာလမ်း၊ အမှတ် (၂/၅၁)နေ (ဦးလွင်-ဒေါ်ခင်စိုး)တို့၏ သား၊ (ဦးဆွယ်- ဒေါ်အုန်းတင်)တို့၏သားသမက်၊ ဒေါ်ခင်စမ်းနွဲ့၏ခင်ပွန်း၊ ဦးကြည်သာထက်-ဒေါ်နိုင်နိုင်လွင်၊ ဗိုလ်မှူးကြီးရဲလင်းအောင်-ဒေါ်နွယ်နွယ်လွင်တို့၏ဖခင်၊ မောင်ဟိန်းထက်အောင်၊ မောင်အောင်ခန့်စည်၊ မောင်အောင်မြတ်ငြိမ်းတို့၏ အဘိုးသည် ၃၀-၁၁-၂၀၂၂ ရက် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ကွေ့ကြီးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသန်းဦး (ခ) ဦးသားငယ်
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အမှတ်(၄၄)နေ (ဦးအေးမြင့်)-ဒေါ်အုံ့ကြည်တို့၏သား၊ (ဦးကြင်အောင်)-ဒေါ်ချောမေတို့၏သားသမက်၊ ဦးထွန်းသိုက်ဝန်း-မမျိုးဒါလီကျော်၊ ဦးအောင်ကျော်မိုးစိန်၊ မမေဦးတို့၏ဖခင်၊ မောင်ဇွဲပြည့်စုံ၊ မအမရာသိုက်ဝန်းတို့၏အဘိုး၊ မခင်ခင်သိုက်(ခ)မခင်သူဇာ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၈-၁၁-၂၀၂၂ (တနင်္လာနေ့) ည ၉:၃၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၂၂ (အင်္ဂါနေ့)တွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆရာဝန်အသင်း အသင်းဝင်ဖြစ်သော ဒေါက်တာမောင်မောင်ဟန် (သခ-၇၅)၊ အသက်(၇၇)နှစ်သည် ၂၇-၁၁-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း**

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်မာ
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄၃၅)၊ (၈)လမ်း၊ သမိုင်း (၁)ရပ်ကွက်နေ (ဦးမြင့်ဖေ-ဒေါ်အမာစိန်)တို့၏ သမီးကြီး၊ ဦးသိန်းလွင်၏ ချစ်လှစွာသောဇနီး၊ ကိုမင်းမင်းဦး-မအေးသန္တာဆွေ (ရွှေသံစဉ်အင်ဂျင်ဝိုင်ရောင်းဝယ်ရေး၊ ဘုရင့်နောင်)၊ ကိုဟိန်းထက်အောင်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မောင်မော်ကွန်းဦး၏ ချစ်လှစွာသောအဘွားသည် ၃၀-၁၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၂၅ နာရီတွင် ကန်သာယာဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂-၁၂-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)
## အသင်းဝင် ဒေါ်စိုးစိုးဝင်း
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၃၈)နေ ကန့်ဘလူမြို့နယ်အသင်း (ရန်ကုန်) အသင်းဝင်၊ ဦးဝင်းနိုင်၏ဇနီး ဒေါ်စိုးစိုးဝင်း အသက် (၅၈)နှစ်သည် ၂၁-၁၁-၂၀၂၂ (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းမြိုင် (ထောက်ကြန့်)
### အသက် (၉၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်နေ (ဦးဘခင်-ဒေါ်အေးရင်)တို့၏ သား၊ (ဦးကျင်တိတ်-ဒေါ်စိန်ယုံ)တို့၏သားသမက်၊ ထောက်ကြန့်လမ်းဆုံရပ်ကွက်နေ ဒေါ်စန်းမြိုင်၊ ဦးအုန်းကျင်-ဒေါ်စန်းတင်၊ ဦးအုန်းဆိုင်-ဒေါ်ထွေးတင်၊ ဒေါ်ရင်လှိုင်၊ ဒေါ်ရင်မြိုင်တို့၏ ညီ/မောင်၊ ဦးပု-ဒေါ်ရီ၊ ဦးမြအေး-ဒေါ်သန်းညွန့်၊ ဦးမြထွေး- ဒေါ်ညွန့်ညွန့်သိန်း၊ ဦးခင်မောင်အေး-ဒေါ်အေးအေးဝင်းတို့၏ အစ်ကို၊ ရန်ကုန်မြို့နေ ဦးထွန်းလင်း-ဒေါ်စိန်မြ၊ ဦးညွန့်မောင်-ဒေါ်အေးခိုင်တို့၏အစ်ကို၊ ဦးသန်းနိုင်ဝင်း-ဒေါ်အေးအေးသန်း၊ ဦးရန်မျိုးအောင်၊ (ဦးသန်းဝင်း)-ဒေါ်ယုဆွေဝင်း၊ ဒေါ်မာလာဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မကျော့ကေခိုင်၊ မောင်ကောင်းခန့်ဇော်တို့၏အဘိုး၊ ထောက်ကြန့်မြို့၊ တောင်ပိုင်းရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၇၅)နေ ဒေါ်တင်ယုံ၏ ချစ်လှစွာသောခင်ပွန်းသည် ၃၀-၁၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၄: ၅၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၄-၁၂-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မြို့ရှောင်လမ်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၂၂ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အမှတ် (၇၅)၊ ပြည်လမ်း၊ တောင်ပိုင်းရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ငွေချက်ထုတ်ရန် သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
### သဃ်ၤန်းကျွန်းမြို့နယ် တရားရုံးတော်၌
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂

ဒေါ်ခင်လပြည့်ဝန်း (တရားလို) နှင့် ဦးသံချောင်း (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ ၈-လမ်းသွယ်(၁)၊ ခြံအမှတ်(၁၄)နေ တရားပြိုင် ဦးသံချောင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"ကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် (၁၃၈၄ ခုနှစ်၊ နတ်တော်လဆုတ် ၈ ရက်) နေ့ မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက် ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေရီခိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**သင်္ဃန်းကျွန်းမြို့နယ်တရားရုံး**

### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဌေးအောင် B.Sc Engg (Civil)
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဆောင်ရွက်မှုလုပ်ငန်း
### အသက်(၉၀)

ကချင်ပြည်နယ်၊ မိုးမောက်မြို့နေ (ဦးခေးတွာ-ဒေါ်ဝေ)တို့၏သားကြီး၊ တောင်ငူမြို့နေ (ဦးကြိုင်-ဒေါ်အုန်းကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၂၇)၊ သုခလမ်းသွယ်(၅၆)၊ လှိုင်မြို့နယ်နေ (ဒေါ်မူမူကြိုင်)၏ခင်ပွန်း၊ (ဦးမျိုးတင့်-ဒေါ်သောင်းရွှေ)၊ (ဒေါ်မြင့်နွယ်)၊ ဒေါက်တာမင်းအောင်(မေ့ဆေး)-ဒေါ်ချို့နွယ်ဦး၊ ပါမောက္ခ ဒေါက်တာစိုးအောင်(သားဖွား/မီးယပ်)-ဒေါ်သန်းသန်းညွန့်၊ (ဦးဘမောင်)၊ ဦးဘအောင်-ဒေါ်စိန်စိန်ရီတို့၏အစ်ကိုကြီး၊ ဦးဇော်ဝင်းအောင်-(ဒေါ်မေကြည်)(USA)၊ ဒေါက်တာဟန်ဝင်းအောင်-ဒေါက်တာကြည်ကြည်မော်(Australia)၊ ဒေါက်တာသန္တာအောင်-ဒေါက်တာချစ်ခိုင်(USA)၊ ဒေါက်တာသိင်္ဂီအောင်-ဒေါက်တာဝင်းထိန်ကျော်(UK)တို့၏ချစ်လှစွာသောဖခင်၊ မောင် Leon ဝေဖြိုးအောင်၊ မောင် Hugo စည်သူအောင်တို့၏ အဘိုး ဦးဌေးအောင်သည် ၂၀-၁၁-၂၀၂၂ ရက်တွင် USA နိုင်ငံ Los Angeles မြို့ UCLA Ronal Reagon Hospital ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်ကို Peek Dignity Memorial, Westminster, California တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

MOEE YESC

ရိုးရိုးမီးလုံး၊ မီးချောင်းများအစား ဓာတ်အားသက်သာစေသည့် Energy Saving Lamps များကို အသုံးပြုသင့်ပါသည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော်တို့အားလုံး ဖြတ်သန်းလာခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခဲ့တဲ့ (၇)နှစ်ပြည့်ကာလမှာ ကျွန်တော့်အနေနဲ့-**

- **ဖြတ်သန်းလာခဲ့ရတဲ့ ကာလတစ်လျှောက် အတွေ့အကြုံတွေအရ တည်ငြိမ်အေးချမ်းမှုရှိခြင်းနဲ့ တည်ငြိမ်အေးချမ်းမှုမရှိခြင်းတို့ရဲ့ အကျိုးအပြစ်တွေကို သုံးသပ်ဆင်ခြင်ပြီး NCA စာချုပ်ရဲ့ တန်ဖိုး အနှစ်သာရပီပြင်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြပါ။**
- **ဒို့တာဝန်အရေးသုံးပါးမူဝါဒကို လေးစားတန်ဖိုးထားပြီး ပေါင်းစည်းညီညွတ်သော ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုဖော်ဆောင်အောင်မြင်နိုင်ဖို့ NCA စာချုပ်ပါ ကတိကဝတ်တွေကို လေးလေးစားစားလိုက်နာကြပါ။**
- **အမျိုးသားနိုင်ငံရေးအတွေးအမြင်ကြွယ်ဝသော၊ နိုင်ငံသားသစ္စာတရားပြည့်ဝသော နိုင်ငံကြီးသား စိတ်ထားရှိသူတွေ ဖြစ်လာစေရန် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ပတ်ဝန်းကျင်ကို ပြုစုပျိုးထောင်သွားကြပါ။**
- **NCA မှာလက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် အဖွဲ့အစည်းတွေပါဝင်လာစေဖို့အတွက် နှီးနှောတိုက်တွန်းမှုတွေ၊ စည်းရုံးသိမ်းသွင်းမှုတွေ တတ်စွမ်းနိုင်သမျှ ပံ့ပိုးလုပ်ဆောင်ခြင်းဖြင့် သမိုင်းမှတ်တမ်းကောင်းတစ်ခု စိုက်ထူသွားကြပါစို့လို့ နှီးနှောတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း(၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲသီးနှံ ဧက ၇၆၄၀ လျာထားစိုက်ပျိုးလျက်ရှိ

ပွင့်ဖြူ နိုဝင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူသီးနှံဝင်ငွေတိုးပွားစေရန်အတွက် ထောပတ်ပဲသီးနှံ ဧက ၇၆၄၀ လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။ စာမျက်နှာ ၁၉ ကော်လံ ၃ သို့ ☆

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၃၀

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကို နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ ရက်က စတင်ကျင်းပခဲ့ရာ နိုဝင်ဘာ ၃၀ ရက်ညတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ ဖျော်ဖြေတင်ဆက်ခဲ့သည့် **"အသက်ထက်မြတ်သောဂုဏ်သိက္ခာ"** ပြဇာတ်ကြီးကို ပရိသတ်များ၏ တောင်းဆိုချက်အရ ဒီဇင်ဘာ ၁ ရက် ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအတွင်း နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ဆက်လက်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါ ပဒေသာကပွဲ၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV– HD၊ MRTV Parliament Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV Web & App တို့မှလည်း ညနေ ၆ နာရီခွဲမှ ည ၈ နာရီအထိနှင့် ည ၉ နာရီမှ ည ၁၁ နာရီအထိ နှစ်ချိန်ခွဲ၍ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသခြင်းကို တစ်ရက်တိုး၍ တင်ဆက်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

## အင်္ဂလန်အသင်းနဲ့ အမေရိကန်အသင်းတို့ ကမ္ဘာ့ဖလား ၁၆ သင်းအဆင့် တက်လှမ်း

ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိတဲ့ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်တွေထဲက အုပ်စု(B)က ပွဲစဉ်တွေဖြစ်တဲ့ ဝေးလ်အသင်းနဲ့ အင်္ဂလန်အသင်းတို့ပွဲစဉ်၊ အီရန်အသင်းနဲ့ အမေရိကန်အသင်းတို့ပွဲစဉ်တွေကို နိုဝင်ဘာ ၂၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ပြီး အင်္ဂလန်အသင်းနဲ့ အမေရိကန်အသင်းတို့က ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရရှိခဲ့ကာ ကမ္ဘာ့ဖလား ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

ဝေးလ်အသင်းနဲ့ အင်္ဂလန်အသင်းတို့ပွဲစဉ်မှာ အင်္ဂလန်အသင်းက သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အင်္ဂလန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် မိနစ် ၅၀ နဲ့ ၆၈ မိနစ်မှာ တိုက်စစ်မှူးရက်ရှ်ဖို့ဒ်က နှစ်ဂိုး၊ ၅၁ မိနစ်မှာ ဖီးလ်ဖိုဒန်ကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ✳

**ယနေ့ ဖတ်စရာ**

**NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများမှ အပြစ်မဲ့ လျှပ်စစ်ဝန်ထမ်းတစ်ဦးအား လုပ်ကြံပစ်ခတ်ခဲ့မှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် အခြေခံအဆောက်အအုံများအား တိုက်ခိုက်ဖျက်ဆီးမှုအခြေအနေများအား သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၅

**ဓာတ်ခွဲနမူနာစုစုပေါင်း ၇၉၄၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦး တွေ့ရှိ**

စာမျက်နှာ » ၁၉